ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

နေပြည်တော်　　　မေ　　၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

ကမ္ဘာ့သမဝါယမများနည်းတူ မြန်မာ့သမဝါယမများ ဖွံ့ဖြိုးတိုးတက်ရေးစာတမ်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သမဝါယမနည်းလမ်းဖြင့် ဆောင်ရွက်နိုင်ရေးစာတမ်းတို့ကို

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့တွင် ဖတ်ကြားတင်သွင်း

နေပြည်တော်　　　မေ　　၂၂

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ(တတိယနေ့အစီအစဉ်များ) ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ဆွေးနွေးပွဲခန်းမ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ (တတိယနေ့ အစီအစဉ်များ)သို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးဆိုင်ရာဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စီးပွားရေးပညာရှင်များ၊ စာတမ်းရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲ အပိုင်း(၅) သမဝါယမကဏ္ဍနှင့် ကျေးလက်ဖွံ့ဖြိုးမှုကဏ္ဍ၌ သဘာပတိအဖြစ် မြန်မာနိုင်ငံ ဗဟိုသမဝါယမ အသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးက ဆောင်ရွက်ပြီး

စာမျက်နှာ ၃ ကော်လံ ၁ သို့ P

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ကျရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ (တတိယနေ့အစီအစဉ်များ)သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- P နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- P အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- P စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
- P ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- P စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- P ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- P ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- P နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- P တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- P အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- P စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- P တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ သ တ င် း အ ညွှ န် း

မကွေး F.C ကို အနိုင်ယူပြီး ရက္ခပူရ ယူနိုက်တက် နိုင်ပွဲစရ၊ နေပြည်တော် F.C ဇွဲကပင်ယူနိုက်တက်ကို အနိုင်ရ။

(သတင်း) စာမျက်နှာ - ၁၁

ဂျပန်စီးပွားရေးပြန်လည်တည်ဆောက်ရန် ဒေါ်လာ ၁၈၄ ဘီလီယံ သုံးစွဲဖွယ်ရှိ၊ ပျက်စီးဆုံးရှုံးမှုမှာ ဒေါ်လာ ၃၁၀ ဘီလီယံ ခန့်ရှိ။

(သတင်း) စာမျက်နှာ - ၄

ပရီမီယာလိဂ်၏ တစ်နှစ်တာ အကောင်းဆုံးဆု ဖာဂူဆန်နှင့် ပီဒစ်တို့ရရှိ။

(သတင်း) စာမျက်နှာ - ၁၁

စီရော်နယ်ဒို ဂိုး ၄၀ သွင်းပြီး လာလီဂါတွင် ဂိုးသွင်း စံချိန်သစ်တင်။

(သတင်း) စာမျက်နှာ - ၁၁

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၂-၅-၂၀၁၁)

နေပြည်တော်(လေဆိပ်)	သုည	ဒသမ ၃၈ လက်မ
ပေါင်	၃	ဒသမ ၈၁ လက်မ
ကျိုက်မရော	၃	ဒသမ ၁၄ လက်မ
ကျောက်တော်	၂	ဒသမ ၆၈ လက်မ
မုဒုံ	၂	ဒသမ ၂၈ လက်မ
သံတွဲ	၂	ဒသမ ၁၇ လက်မ
အမ်း	၂	ဒသမ ၀၅ လက်မ

၂၃-၅-၂၀၁၁
(တနင်္လာနေ့)

ရေယာဉ်များ မိုးဦးကာလ ဂရုပြုမောင်းနှင်

မုတ်သုံရာသီအစ မိုးဦးကာလ ရောက်ရှိလာပြီ။ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများလည်း မြင့်တက်လာပေတော့မည်။

ယခုရက်ပိုင်းအတွင်း မိုးလေဝသတိုင်းထွာချက်များအရ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ ခန့်အထိ တိုက်ခတ်နိုင်ကြောင်း သိရသည်။

မိုးဦးကာလ ထစ်ချုန်းမိုးများ ရွာသွန်းစပြုလာပြီဖြစ်ရာ မြစ်ရေများလည်း မြင့်တက်လာမည်ဖြစ်သည်။ ရေနည်းချိန်ကာလများတွင်ရှိသော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမြွှာပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည် ဖြစ်သည်။ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများကြောင့် ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရေး ရေလမ်းသတိပေးချက်များ ထုတ်ပြန်ထားသည်။ ရာသီဥတုဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များ ဂရုပြုမောင်းနှင်ကြရပေမည်။

ရေယာဉ်မောင်းသူများအနေဖြင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ်၏စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်မောင်းနှင်ကြရန် လိုအပ်သည်။ အထူးသဖြင့် ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အုတ်ခုံများ ရေမြုပ်လျက်ရှိရာ ရေလယ်တိုင်နှစ်ခုကြား၌ ရေစီးသန်နေမည်ဖြစ်သည်။ မြစ်ကူးတံတား ရေလမ်းများသို့ ဝင်ရောက်ဖြတ်သန်းရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ယူ၍ စက်နှင့် တက်မထိန်းစနစ်များ ကြိုတင်စစ်ဆေးပြီးမှ ဖြတ်သန်းကြရမည်ဖြစ်သည်။

အထူးသဖြင့် နှစ်စင်းတွဲတွန်းရေယာဉ်များအနေဖြင့် မိမိသယ်ဆောင်ရမည့်ဝန်အားနှင့် စက်အားကို ချင့်ချိန်တွက်ဆ မောင်းနှင်ကြရန်လိုသည်။ တံတားအဝင်ရေလမ်းများ၌ ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း၊ မနိုင်ဝန်ကို သယ်ဆောင်ခြင်းတို့မပြုမိရန်လည်း သတိပြုကြရပေမည်။ မြစ်ကူးတံတားကြီးများအား ဖြတ်သန်းရာတွင် တွဲနှစ်တွဲဖြတ်သန်းခြင်းမပြုဘဲ တစ်တွဲချင်းသာ ဖြတ်သန်းကြရမည်ဖြစ်သည်။

မိုးဦးကာလ၌ မိုးနှင့်အတူ လေပြင်းများလည်း တိုက်ခတ်နိုင်သဖြင့် သင်္ဘောများ ခုတ်မောင်းနေစဉ် မိုးကာကြီးများချထားခြင်း၊ သတ်မှတ်ကုန်ချိန်ထက် ပိုမိုတင်ဆောင်ခြင်းတို့သည် လေပြင်းဆောင့်တိုက်ပါက တိမ်းမှောက်သွားနိုင်သည်။ ရေယာဉ်များနှင့် ခရီးသည်များ အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးမှု၊ ရေယာဉ်နှင့်စက်များ ကြံ့ခိုင်မှု၊ ကြိုတင်ပြင်ဆင်ကာကွယ်မှုများ ပြုလုပ်ထားကြရပေမည်။

မိုးဦးကာလတွင် အချိန်နှင့်အမျှ ဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီဥတုအခြေအနေအရ ရုတ်တရက် လေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်ကျမှုများ ဖြစ်ပေါ်လာသည့်အခါ ရေယာဉ်မောင်းနှင်သူများက လိုက်နာရမည့် သတိပေးနှိုးဆော်ချက်များနှင့်အညီ ဂရုပြုလိုက်နာမောင်းနှင်ကြခြင်းဖြင့် ရေယာဉ်များနှင့် ခရီးသည်များ ဘေးအန္တရာယ်ကင်းဝေးနိုင်ကြမည် ဖြစ်ပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မအူပင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် မေ ၂၀ ရက် နံနက်ပိုင်းတွင် မအူပင်ခရိုင် ညောင်တုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ခုတင်(၅၀)ဆံ့ ညောင်တုန်းမြို့ ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေသော လူနာများအား ပစ္စည်းနှင့်ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသော ထာဝရဆေးပဒေသာပင် လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆေးပဒေသာပင်အတွက် အလှူငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းကာ ဒေသခံအလှူရှင်များနှင့် လုပ်ငန်းရှင်များ၏ လှူဒါန်းငွေများကို လက်ခံသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ညောင်တုန်းမြို့ တူးချောင်းကျေးရွာအုပ်စု၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးမှာကြားသည်။

တွေ့ဆုံမှာကြား

ဆက်လက်၍ ပန်းတနော်မြို့နယ် ဘဝိုင်းကျေးရွာအုပ်စုရှိ ရွှေညောင်နှစ်ပင်အထွက်တိုး မျိုးသန့်စိုက်ပျိုးရေးခြံ၌ တောင်သူများအား တွေ့ဆုံမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများအပေါ် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ (၂၅)ခုတင်ဆံ့ ပန်းတနော်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးကုသမှုခံယူနေသော လူနာများအား ပစ္စည်းနှင့် ထောက်ပံ့ငွေများပေးအပ်၍ ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသော ထာဝရဆေးပဒေသာပင် လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားကာ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၁၁)ဖွင့်ပွဲ ဟားခါးမြို့၌ ကျင်းပ

နေပြည်တော် မေ ၂၂

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၁၁) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ဟားခါးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအုန်းလွင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဌာနဆိုင်ရာ အကြီးအကဲများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဘမောင်က အမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဌေးက အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၁၁)အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ပြခန်း၌ ပြသထားသော ပတ်ဝန်းကျင်သန့်ရှင်းရေး ပညာပေးဓာတ်ပုံများနှင့် စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မကွေးခရိုင် ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်း တာဝန်ပေးအပ်ပွဲကို မေ ၄ ရက်က မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းအေးလွင်က တာဝန်ရှိသူများထံ စီမံကိန်းတာဝန်များ ပေးအပ်စဉ်။ (ခရိုင်ပြန်/ဆက်)

တို တို ထွာ ထွာ ဖတ် စ ရာ

တွံတေးတွင် မိုးကြိုးပစ်၊ တစ်ဦးသေ သုံးဦးဒဏ်ရာရ

တွံတေး မေ ၂၂

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တကယ်လှဲ့ကျေးရွာ ရှမ်းသလင်းဘုန်းကြီးကျောင်းအနီး လယ်ကွင်းထဲရှိ ကိုစိန်မြ၏နွားတဲ၌ ကိုစောနွယ်၊ ကိုထွန်းလင်း၊ ကိုသောင်းကြည်၊ ကိုအောင်မြင့်တို့ လေးဦးသည် မေ ၁၄ ရက် ညနေတွင် နွားတဲ မိုးပြီး မိုးရွာသဖြင့် တဲအတွင်း ထိုင်စကားပြောနေကြစဉ် မိုးကြိုးပစ်ခံရသဖြင့် ကိုထွန်းလင်း၊ ကိုသောင်းကြည်နှင့် ကိုအောင်မြင့်တို့မှာ နေရာတွင် လဲကျသတိမေ့မြောသွားကြောင်း၊ (အဘ)ဦးသန်း၏သား ကိုစောနွယ် အသက်(၄၀)မှာ မိုးကြိုးထိမှန်၍ ပွဲချင်းပြီး သေဆုံးသွားသည်။ အဖော်ဖြစ်သူ ကိုသောင်းကြည်အား တွံတေးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူနေကြောင်း သိရသည်။

(၃၄၂)

စာရေးဆရာကြီး ပါရဂူ(ဦးလှကြိုင်) တစ်လပြည့်အား ရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်နေ ဦးနိုင်ဝင်း-ဒေါ်ညွန့်တင်၊ ဦးအေးကြူ-ဒေါ်အေးအေး၊ ဦးမြင့်ဦး-ဒေါက်တာခင်မူမူ မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၈၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

ရမည်းသင်းမြို့နယ် စာပေနှင့်စာနယ်ဇင်း နှစ်ပတ်လည်စည်းဝေး

ရမည်းသင်း မေ ၂၂

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးကို မေ ၂၁ ရက် ညနေပိုင်းတွင် ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (စာဖတ်)ခန်းမဆောင်၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းလွင်က အဖွင့်အမှာစကား ပြောကြားပြီး စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့် (မောင်နှင်းစက်)က အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားသည်။ ယင်းအစီရင်ခံစာပါ စာပေအဖွဲ့ဝင်ဦးဝမ်းမောင်က အကြံပြုဆွေးနွေးသည့် အစီရင်ခံစာပေါ်မှ အကြံပြုချက်ရယူပြီး ရှေ့လုပ်ငန်းစဉ်များကို နေ့ကြီးရက်မြတ်များတွင် အာဇာနည်ပိုင်အဖွဲ့အစည်းနှင့် ပူးပေါင်းကာ အကောင်အထည်ဖော် ဆောင်ရွက်သွားရေးကို ဆွေးနွေးသည်။ (၁၁၅)

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် မော်လမြိုင်ကျွန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲမှ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရေးဆွဲရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း သုံးသပ်အကြံပြု ဆွေးနွေးစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲမှ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရေးဆွဲရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း သုံးသပ်အကြံပြု ဆွေးနွေးစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲမှ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရေးဆွဲရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် သုံးသပ်အကြံပြု ဆွေးနွေးစဉ်။ (သတင်းစဉ်)

P **ရှေ့ဖုံးမှ**

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လီမိတက်ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် သမဝါယမ စာတမ်းကိုလည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ် လီမိတက်ဥက္ကဋ္ဌ ဦးကျော်မြခိုင်က ကမ္ဘာ့သမဝါယမများနည်းတူ မြန်မာ့သမဝါယမများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များ တည်ဆောက်ပေးခြင်း စာတမ်းကိုလည်းကောင်း၊ ငွေကြေးသမဝါယမ အသင်းစုချုပ်လီမိတက်ဥက္ကဋ္ဌ ဦးမြင့်မောင်ထွန်းက သမဝါယမ လုပ်ငန်းများအတွက် မတည်ရင်းနှီးငွေစုဆောင်းခြင်း စာတမ်းကိုလည်းကောင်း၊ ဗဟိုသမဝါယမအသင်း အုပ်ချုပ်မှုဒါရိုက်တာ ဦးကြည်တင့်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို သမဝါယမနည်းလမ်းဖြင့် စနစ်တကျ အမြန် စတင်ဆောင်ရွက်နိုင်ရေး စာတမ်းကိုလည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြသည်။

ဖြည့်စွက်ဆွေးနွေး

ယနေ့ အလုပ်ရုံဆွေးနွေးပွဲ (တတိယနေ့အစီအစဉ်များ)တွင် စုစုပေါင်း ပညာရှင်လေးဦးက စာတမ်းလေးစောင်ကို ဖတ်ကြားတင်သွင်းဆွေးနွေးကြပြီး စာတမ်းများအပေါ် တက်ရောက်လာကြသူများက ဝိုင်းဝန်းမေးမြန်း ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ပညာရှင် ဒေါက်တာဦးမြင့်က အလုပ်ရုံဆွေးနွေးပွဲ ဆွေးနွေးမှုများအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးသည်။

သုံးသပ်ဆွေးနွေး

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲမှ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ (Plan of Action) ရေးဆွဲရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်နိုင်သိန်း၊ ဦးကျော်ဆန်း၊ ဦးမြင့်လှိုင်၊ ဦးစိုးသိန်း၊ ဦးအောင်ကြည်၊ ဦးဝင်းမြင့်၊ ဒေါက်တာမြအေး၊ ဦးအုန်းမြင့်နှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သုံးသပ်အကြံပြု ဆွေးနွေးတင်ပြကြပြီး မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် အလုပ်ရုံ ဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

ခြုံငုံသုံးသပ် ဆွေးနွေး

ပညာရှင် ဒေါက်တာဦးမြင့် အလုပ်ရုံဆွေးနွေးပွဲ ဆွေးနွေးမှုများအပေါ် ခြုံငုံသုံးသပ် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ် (၂၀၁၁) ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၂

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၁၁)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ သူနာပြု/သားဖွားသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာခင်မောင်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းက ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၁၁)အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော သူနာပြု/သားဖွားသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများအား ပြည်နယ်ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာခင်မောင်ထွန်းကလည်းကောင်း၊ ပညာရေးကောလိပ်မှ စာစီစာကုံးဆုရရှိသူများအား ပြည်နယ်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းမောင်ရွှေကလည်းကောင်း ဆုများပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသော မြစ်ကြီးနားတက္ကသိုလ်၊ မြို့ပေါ်ရပ်ကွက်များ၊ ဈေးများနှင့် ကျောင်းများသို့ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လင်းယဉ်ကျေးရွာနှင့် ဆားတောင်ကျေးရွာချင်းဆက် ကျေးလက်ကျောက်ချောလမ်းနှင့် မြေသားလမ်းအား အဆင့်မြှင့်တင်နိုင်ရေး မြေညှိစက်အသုံးပြု၍ လမ်းပုံဖော်ခြင်းလုပ်ငန်းကို လုပ်ငန်းခွင်အင်ဂျင်နီယာ ဦးဝင်းနွယ် ကြီးကြပ်ဆောင်ရွက်ရာသို့ စစ်ကိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးအုန်းသန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်အောင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၅-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ အင်္ဂဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၅။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားနိုးရာအက
- ၈း၁၅ ၇။ ချစ်စရာ့အရွယ်ကကြီးသွယ်
- ၈း၂၅ ၈။ အတီးပြိုင်ပွဲ
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၀ ၄။ အဆိုပြိုင်ပွဲ
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(သင်္ချာအထူးပြု)(သင်္ချာ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၅ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၅း၁၀ ၈။ အဖိုးတန်အသုံးဝင်မြန်မာ့ဆင်
- ၅း၂၀ ၉။ မြန်မာစာ၊ မြန်မာစကား
- ၅း၃၅ ၁၀။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၃၃)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ "ကမ္ဘာကျော်သရုပ်ဆောင်များ"
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ" (အပိုင်း-၃၀)**
- ၂၀။ အစီအစဉ်ပြီး၏။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၂-၅-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၂၆၀၀	၀. ၀၃၃၀၅
တရုတ် (ယွမ်)	၆. ၄၉၃၀၀	၀. ၁၅၄၀၁
အိန္ဒိယ (ရူပီး)	၄၄. ၉၄၀၀	၀. ၀၂၂၂၅
မလေးရှား (ရင်းဂစ်)	၃. ၀၁၀၀၀	၀. ၃၃၂၂၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၈၄၀	၀. ၈၀၇၄၉
ဂျပန် (ယန်း)	၈၁. ၆၉၀၀	၀. ၀၁၂၂၄
တောင်ကိုရီးယား(ဝမ်)	၁၀၈၂. ၈၀	၀. ၀၀၀၉၂
ယူရို	၀. ၇၀၆၁၉	၁. ၄၁၆၀၅
ဗြိတိသျှ (ပေါင်)	၀. ၆၁၆၁၀	၁. ၆၂၃၁၀

အင်တာနက်။

ဇီဝမျိုးစုံမျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အောင်မြေသာစည်အိမ်ရာ စိန်ရတနာလမ်းနေ ဒေါ်တင်တင်နွဲ့က ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်း လူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ ဒေါက်တာ ဦးလှမြင့်အောင် လက်ခံစဉ်။(ကြေးမုံ)

ဂျပန်စီးပွားရေးပြန်လည်တည်ဆောက်ရန် ဒေါ်လာ ၁၈၄ ဘီလီယံခန့်သုံးစွဲရဖွယ်ရှိ

တိုကျို မေ ၂၂

ဂျပန်နိုင်ငံသည် မတ်လအတွင်းက ဖြစ်ပွားခဲ့သော မြေငလျင်နှင့် ဆူနာမီအပြီးတွင် ၎င်း၏စီးပွားရေးကို ပြန်လည်တည်ဆောက်ရန်အတွက် ယန်းငွေ ၁၀ ထရီလီယံမှ ၁၅ ထရီလီယံ(အမေရိကန်ဒေါ်လာ ၁၈၄ ဘီလီယံခန့်)သုံးစွဲရဖွယ်ရှိကြောင်း စီးပွားရေးဝန်ကြီး ခအိုရုယိုဆာနိုက တနင်္ဂနွေနေ့တွင် ထုတ်ဖော်ပြောကြားသည်။

ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှုများတွင် သုံးစွဲရမည့် ကုန်ကျငွေများကို ကာမိစေရန်အတွက် ဂျပန်အစိုးရသည် ငွေတိုက်စာချုပ်များ ထုတ်ရောင်းရဖွယ်ရှိကြောင်း ယိုဆာနိုက ပြောကြားသည်။ သဘာဝကပ်ဘေးကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၁၀ ဘီလီယံခန့်ရှိကြောင်း ဂျပန်အစိုးရက စောစောပိုင်းတွင် ထုတ်ပြန်ထားခဲ့သည်။

မတ် ၁၁ ရက်က ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် လှုပ်ခတ်ခဲ့သော အင်အားရစ်ချ်တာစကေး ၉ ဒသမ သုညရှိ မြေငလျင်နှင့် ယင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် ဆူနာမီရေလှိုင်းတို့ကြောင့် ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံ၌လည်း ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ဤဖြစ်ရပ်မှာ ၁၉၈၆ ခုနှစ်က ဖြစ်ပွားခဲ့သော ချာနိုဘိုင်းလ် နျူကလီးယားဘေးဒုက္ခအပြီးတွင် အဆိုးရွားဆုံးနျူကလီးယားကပ်ဘေးဖြစ်သည်။ မတ် ၁၁ ရက် မြေငလျင်နှင့် ဆူနာမီကြောင့် လူ ၁၅၀၀၀ ကျော်သေဆုံးခဲ့ပြီး ၉၈၉၃ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘာဆရာမြို့၌ စစ်ရေးတာဝန်များ ထမ်းဆောင်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

ဗြိတိန်တပ်ဖွဲ့ နောက်ဆုံးအသုတ် အီရတ်မှ ထွက်ခွာ

ဘဂ္ဂဒက် မေ ၂၂

ဗြိတိန်တပ်ဖွဲ့များ၏ နောက်ဆုံးအသုတ်မှာ အီရတ်နိုင်ငံမှ ယနေ့ တပ်နုတ်ဆုတ်ခွာလိုက်ပြီဖြစ်ရာ ၂၀၀၃ ခုနှစ်တွင် အီရတ်နိုင်ငံအတွင်း ချင်းနင်းဝင်ရောက်ပြီးချိန်မှစ၍ ဗြိတိန်တပ်ဖွဲ့များ၏ ရှစ်နှစ်ကျော်ကြာ စစ်သွေးကြွများနှင့် ယှဉ်ပြိုင်စစ်ခင်းရခြင်း၊ အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များကို သင်တန်းပေးလေ့ကျင့်ရခြင်း လုပ်ငန်းများလည်း အဆုံးသတ်သွားခဲ့ပြီ ဖြစ်သည်။

အီရတ်နိုင်ငံတောင်ပိုင်း ပါရှန်ပင်လယ်ကွေ့ရှိ အွန်မ်ကဆရ်တွင် အခြေစိုက်၍ ရေပြင်ကင်းလှည့် တာဝန်ထမ်းဆောင်လျက်ရှိသည့် အမှတ် ၈၁-တော်ဝင်ရေတပ်မတော်မှ တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းကာ အီရတ်ရေတပ်က တာဝန်များ လွှဲပြောင်းယူသွားမည် ဖြစ်သည်။ အီရတ်ရေတပ်မှာ ၎င်းတို့၏ တာဝန်ကို ထမ်းဆောင်ရန် အသင့်ရှိနေပြီဖြစ်ကြောင်း၊ ထို့အတွက်ကြောင့် ဗြိတိန်တပ်ဖွဲ့အနေဖြင့် ရုပ်သိမ်းရန်အချိန်ကျပြီဖြစ်ပြီး အီရတ်တပ်ဖွဲ့များက အပြည့်အဝတာဝန်ယူကာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးကြရတော့မည်ဖြစ်ကြောင်းဖြင့် အီရတ်ရှိ ဗြိတိသျှတပ်ဖွဲ့များ၏ တပ်မှူး ဗိုလ်မှူးချုပ်မက်စ်မရီနာက ပြောကြားသည်။ အီရတ်နိုင်ငံသို့ ၂၀၀၃ ခုနှစ်အတွင်း စတင်ကျူးကျော် ဝင်ရောက်ခဲ့ချိန်မှစ၍ ဗြိတိသျှတပ်ဖွဲ့ဝင်ပေါင်း ၁၇၉ ဦး အီရတ် စစ်မြေပြင်တွင် သေဆုံးခဲ့ရသည်ဟု တရားဝင်စာရင်းဇယားများက ဖော်ပြခဲ့သည်။ ***အင်တာနက်။***

မတ် ၁၁ ရက်ဂျပန်ငလျင်နှင့် ဆူနာမီကြောင့် ဖြစ်ပေါ်ခဲ့ရသော ပျက်စီးမှုများကို တွေ့ရစဉ်။

အိန္ဒိယမြောက်ပိုင်းတွင် ဖုန်မုန်တိုင်းတိုက် လူ ၄၀ ကျော်သေဆုံး

နယူးဒေလီ မေ ၂၂။ ။အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ် နေရာအနှံ့အပြား၌ ဖုန်မုန်တိုင်းတိုက်ခတ်မှုကြောင့် လူ ၄၀ကျော် သေဆုံး၍ အချို့ဒဏ်ရာများရရှိကြောင်း၊ ယင်းဖုန်များနှင့်အတူ မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်မှုများလည်းဖြစ်ပေါ်ခဲ့ကြောင်း ပီတီအိုင်သတင်းဌာနက ဖော်ပြသည်။

မေ ၂၁ ရက် နံနက်ပိုင်းက လက်ခ်ဟင်းပါခရိုင်တွင် ဖုန်မုန်တိုင်းကျရောက်စဉ် လူနေအိမ်များပြိုကျခြင်း၊ သစ်ပင်များလဲပြိုခြင်းတို့ကြောင့် ကလေး လေးဦးအပါအဝင် ၁၁ ဦးသေဆုံးကြောင်း သတင်းတွင်ဖော်ပြသည်။ ယင်းမုန်တိုင်းကြောင့် လက်ခ်ဟင်းပါနှင့် ဂိုလာတက်ချ် ဘီးလ်ခရိုင်တွင် လေးဦးသေဆုံးပြီး မိုဟမ်မာဒီခရိုင်တွင် ရှစ်ဦးသေဆုံး၍ ဒါရာယူရာခရိုင်တွင် တစ်ဦးသေဆုံးသည်။

ဂိုလာတက်ချ်ဘီးလ်ခရိုင်၌ မုန်တိုင်းကြောင့် နေအိမ်ပြိုကျ၍ ဇနီးမောင်နှံနှစ်ဦး သေဆုံးခဲ့ရသည်။ ရှာဂျာဟန်ပါးခရိုင်တွင်လည်း ဖုန်မုန်တိုင်းကြောင့် ၁၆ ဦး သေဆုံးရသည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျာမနီ၌ ကျင်းပသော ပြည်နယ်အဆင့် ရွေးကောက်ပွဲ၌ အသက် (၁၆)နှစ် ပြည့်သူများ ပထမဆုံးအကြိမ်ဆန္ဒမဲပေး

ဘာလင် မေ ၂၂

ဂျာမနီနိုင်ငံတွင် ကျင်းပသော ပြည်နယ်အဆင့် ရွေးကောက်ပွဲတစ်ရပ်တွင် အသက် ၁၆ နှစ်ပြည့်ပြီးသူများအား ပထမဆုံးအကြိမ်အဖြစ် ဆန္ဒမဲပေးခွင့်ပြုခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဆန္ဒမဲထည့်ဝင်နေသော ဂျာမန် ဆယ်ကျော်သက်တစ်ဦး။

ယင်းမှာ ဆယ်ကျော်သက်များအနေဖြင့် နိုင်ငံရေး၌ ပိုမိုစိတ်ဝင်စားလာစေရန် ကြိုးပမ်းသည့်အနေဖြင့် ဘရီမင်မြို့အာဏာပိုင်များက ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အသက်အရွယ်ကို လျှော့ပေါ့ခွင့်ပြုခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဆွဲဆောင်လျက်ရှိ

အားကစားအကျော်အမော်များနှင့် နိုင်ငံရေးသမားများသည် ဆယ်ကျော်သက်များအနေဖြင့် နိုင်ငံရေးကိစ္စရပ်များတွင် လိုလိုလားလား ပါဝင်ဆောင်ရွက်လာစေရန် စည်းရုံးဆွဲဆောင်လျက်ရှိပြီး စာသင်ကျောင်းများ၌ ကျောင်းသားများအား လျှို့ဝှက်မဲပေးရွေးချယ်မှုကို နားလည်လာစေရန် သင်ခန်းစာအဖြစ် သင်ကြားပို့ချခဲ့သည်ဟုဆိုသည်။

ဂျာမနီနိုင်ငံရှိ ပြည်နယ် ၁၅ ခုတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူများကိုသာ မဲဆန္ဒပေးခွင့်ပြုထားသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများထဲ၌ ဩစတြီးယားတစ်နိုင်ငံတည်းသာ အသက် ၁၆ နှစ်ပြည့်ပြီးသူများအား ဆန္ဒမဲပေးခွင့်ပြုထားသည်။

အင်တာနက်။

ဂျပန်နျူစက်ရုံမှ ပင်လယ်အတွင်းသို့ ရေဒီယိုသတ္တိကြွ ရေတန်ချိန် ၂၅၀ စီးဝင်ခဲ့ဟုဆို

တိုကျို မေ ၂၂။ ။မေလစောစောပိုင်းက ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံ၏ အမှတ်(၃) အဏုမြူဓာတ်ပေါင်းဖိုမှ ရေဒီယိုသတ္တိကြွမှုဖြစ်ပေါ်နေသည့် ရေတန်ချိန် စုစုပေါင်း ၂၅၀ သည် ပင်လယ်ပြင်အတွင်းသို့ စီးဝင်ခဲ့ကြောင်း ယင်းစက်ရုံကို စီမံခန့်ခွဲသော တိုကျိုလျှပ်စစ်အားကုမ္ပဏီက စနေနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ရေဒီယိုသတ္တိကြွမှုဖြစ်ပေါ်နေသည့်ရေများ စီးဝင်မှုသည် မေ ၁၀ ရက် နံနက် ၂ နာရီမှ နောက်နေ့ည ၇ နာရီအထိ နာရီပေါင်း ၄၁ နာရီကြာမြင့်ခဲ့သည်ဟု ခန့်မှန်းသည်။

မတ် ၁၁ ရက် မြေငလျင်နှင့် ဆူနာမီရေလှိုင်းဒဏ်ကြောင့် ပျက်စီးချို့ယွင်းသွားခဲ့သည့် ၎င်းနျူကလီးယားဓာတ်အားပေးစက်ရုံမှ ထွက်ပေါ်လာသော ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်ပမာဏသည် သတ်မှတ်ခွင့်ပြုနိုင်သည့် ပမာဏထက် အဆ ၁၀၀ ပိုများကြောင်း တိုကျိုလျှပ်စစ်ဓာတ်အားပေးကုမ္ပဏီက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်လုံခြုံရေးတပ်ဖွဲ့များကို ပစ်မှတ်ထားတိုက်ခိုက်မှုများကြောင့် ၁၆ ဦး သေဆုံး

ဘဂ္ဂဒက် မေ ၂၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အတွင်း တနင်္ဂနွေနေ့နံနက်စောစောပိုင်းက ဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုများကြောင့် ၁၆ ဦးသေဆုံးခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုများသည် ယခုလအတွင်း တတိယအကြိမ်မြောက် ဖြစ်ပွားခဲ့သော အီရတ်လုံခြုံရေးတပ်ဖွဲ့များကို အဓိကပစ်မှတ်အဖြစ် ဦးတည်တိုက်ခိုက်ခဲ့သော ဗုံးပေါက်ကွဲမှုများဖြစ်သည်။

ယခုနှစ်ကုန်ပိုင်း၌ အီရတ်နိုင်ငံမှ ထွက်ခွာရန် ဟန်ပြင်နေသော အမေရိကန်တပ်ဖွဲ့ဝင်များထံမှ လုံခြုံရေးတာဝန်များကို လွှဲပြောင်းရယူရမည့် အီရတ်တပ်ဖွဲ့ဝင်၏ စွမ်းဆောင်ရည်ကို အီရတ်ပြည်သူများ အယုံအကြည်လျော့နည်းလာစေရန် အီရတ်တပ်ဖွဲ့ဝင်များအား အဓိကပစ်မှတ်အဖြစ် သတ်မှတ်ကာ သောင်းကျန်းသူများက ထိုးနှက်တိုက်ခိုက်လျက်ရှိသည်။

ဘဂ္ဂဒက်မြို့တော်အတွင်း ယနေ့ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရသူကိုးဦးမှာ ရဲတပ်ဖွဲ့ဝင်များဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့များသည် မိမိကိုယ်မိမိပင် မကာကွယ်နိုင်ပါက အများပြည်သူတို့အား မည်သို့ကာကွယ်မည်ဆိုသည့်အချက်ကို ဒေသခံပြည်သူများအား အသိပေးရန် အဆိုပါ တိုက်ခိုက်မှုများကို သောင်းကျန်းသူများက ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အေပီ။ **အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌ မေ ၂၂ ရက်က ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများကြောင့် ပျက်စီးမှုများကိုတွေ့ရစဉ်။**

ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲ တိုကျိုတွင် စတင်ကျင်းပ

တိုကျို မေ ၂၂

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ခေါင်းဆောင်များ၏ သုံးနိုင်ငံထိပ်သီးဆွေးနွေးပွဲကို တနင်္ဂနွေနေ့တွင် စတင်ကျင်းပသည်။ ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံ၌ မတ် ၁၁ ရက်က ဖြစ်ပွားခဲ့သော မြေငလျင်နှင့် ဆူနာမီ အန္တရာယ်တို့၏ နောက်ဆက်တွဲ နျူကလီးယားပြဿနာပေါ်ပေါက်ခြင်းတို့မှ ရရှိသော သင်ခန်းစာများကို မျှဝေမည်ဟု မျှော်လင့်ရသည်။

မတ် ၁၁ ရက်နေ့တွင် ဖြစ်ပွားခဲ့သော ငလျင်နှင့် ဆူနာမီလှိုင်းတို့ကြောင့် ပျက်စီးခဲ့ရသည့် ဖူကူရှီးမား နျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လေထု၊ မြေပြင်နှင့် ရေပြင်သို့ ဓာတ်ရောင်ခြည်များ ပျံ့နှံ့ခဲ့သည်။ ချာနိုဘိုင်းလ် နျူကလီးယားကပ်ဘေး နောက်ပိုင်း ကမ္ဘာပေါ်တွင် အဆိုးရွားဆုံးဖြစ်သော နျူကလီးယား ဘေးအန္တရာယ်ကို ထိန်းချုပ်နိုင်ရန် ဂျပန်နိုင်ငံအနေဖြင့် အစွမ်းကုန်ကြိုးစားရာမှ ဤထိပ်သီးဆွေးနွေးပွဲ ပေါ်ပေါက်လာရခြင်းဖြစ်သည်။

တိုကျိုထိပ်သီးဆွေးနွေးပွဲ၌ နျူကလီးယားလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရန် ပူးပေါင်းကြိုတင်ပြင်ဆင်ရေး၊ စားနပ်ရိက္ခာဖူလုံရေးအပြင် ကုန်သွယ်ရေး ပြဿနာများကိုလည်း အဓိကထားဆွေးနွေးမည်ဟု မျှော်လင့်ရသည်။

ဂျပန်နိုင်ငံ၏ ဘေးအန္တရာယ်သုံးရပ်မှ ကျော်လွှားနိုင်ရန် ကြိုးစားအားထုတ်မှုအပေါ် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့် တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်တို့က ၎င်းတို့၏ ထောက်ခံမှုများကို ထပ်မံအတည်ပြုကြမည်ဟု မျှော်လင့်ရသည်။

ဂျပန်ဝန်ကြီးချုပ် နာအိုတိုခန်ကလည်း ဂျပန်အပေါ် သတ်မှတ်ထားသည့် ကုန်သွယ်ရေးစည်းမျဉ်းများနှင့် ပတ်သက်၍ တရုတ်နှင့် တောင်ကိုရီးယားခေါင်းဆောင်များ ဆွေးနွေးမည်ဟု မျှော်လင့်ရသည့်အပြင် နျူကလီးယားမတော်တဆမှုမှ သတင်းအချက်အလက်များကို နိုင်ငံတကာအဖွဲ့အစည်းများသို့ မျှဝေရန် ကတိပြုမည်ဟု ယူဆရသည်။

လည်ပတ်ခဲ့

အစည်းအဝေးပွဲမစမီတစ်ရက်တွင် အာရှခေါင်းဆောင်သုံးဦးသည် ဖူကူရှီးမား နျူကလီးယားကပ်ဘေးကြောင့် အိုးအိမ်များ စွန့်ခွာထွက်ပြေးခဲ့ရသူများထံ သွားရောက်လည်ပတ်ခဲ့ကြသည်။ ***အေအက်ဖ်ပီ။***

တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယား နိုင်ငံတို့မှ နိုင်ငံအကြီးအကဲများ ဖူကူရှီးမား စီရင်စုမှ ထွက်ရှိသော ခရမ်းချဉ်သီးများကို မြည်းစမ်းနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့် အာဖဂန်တာလီဘန်တို့၏ ဆွေးနွေးပွဲများဖြစ်မြောက်ရေး ဂျာမနီနိုင်ငံက ကြားဝင်အကူအညီပေးခဲ့သည်ဟုဆို

ဘာလင် မေ ၂၂

ဂျာမနီမြေပေါ်၌ အမေရိကန်ပြည်ထောင်စုနှင့် အာဖဂန်တာလီဘန်အဖွဲ့တို့၏ တိုက်ရိုက်လျှို့ဝှက်ဆွေးနွေးပွဲများဖြစ်မြောက်စေရေးအတွက် ဂျာမနီနိုင်ငံက အကူအညီများပေးခဲ့ကြောင်း စပီဂျဲလ်မဂ္ဂဇင်းက ယနေ့ရေးသားဖော်ပြသည်။

မေ ၇ ရက်နှင့် ၈ ရက်တို့တွင် ဂျာမနီနိုင်ငံတွင်ကျင်းပခဲ့သော အမေရိကန်နိုင်ငံနှင့် အာဖဂန်တာလီဘန်အဖွဲ့တို့ အကြား ဆွေးနွေးပွဲများ၌ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံဆိုင်ရာ ဂျာမနီအထူးကိုယ်စားလှယ် မိုက်ကယ်စတိန်နားက ကြားလူအဖြစ် ပါဝင်ပေးခဲ့ကြောင်း စပီဂျဲလ်မဂ္ဂဇင်း၏ အဆိုအရသိရသည်။

ဂျာမနီနိုင်ငံ၌ အမေရိကန်နှင့် အာဖဂန်တာလီဘန်အဖွဲ့တို့အကြား ဆွေးနွေးပွဲများကျင်းပခဲ့ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုခဲ့ခြင်းမရှိသော်လည်း ဂျာမနီသည် အာဖဂန်ပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကြိုးပမ်းမှုကို ထောက်ခံကြောင်း ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်း၏ မေတ္တာရပ်ခံချက်အရ အာဖဂန်နစ္စတန်ဆိုင်ရာ ညီလာခံတစ်ရပ်ကို ယခုနှစ် ဒီဇင်ဘာ ၅ ရက်၌ ဂျာမနီနိုင်ငံ ဘွန်းမြို့၌ ကျင်းပသွားမည်ဖြစ်သည်။

အနောက်အုပ်စုကျောထောက်နောက်ခံပြု အာဖဂန်အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသော တာလီဘန် တာဝန်ရှိသူများနှင့် တိုက်ရိုက်ဆွေးနွေးမှုများကို ၂၀၁၀ ခုနှစ် ဆောင်းရာသီကပင် အမေရိကန်အစိုးရက လုပ်ဆောင်ခဲ့ကြောင်း စပီဂျဲလ်မဂ္ဂဇင်းက ဖော်ပြသည်။

အမေရိကန်အစိုးရနှင့် တာလီဘန်အဖွဲ့တို့အကြား၌ တွေ့ဆုံဆွေးနွေးမှုသုံးကြိမ်ရှိခဲ့ပြီး ပထမဆုံးအကြိမ် ဆွေးနွေးမှုကို ကာတာနိုင်ငံ၌ ကျင်းပခဲ့ပြီး ဒုတိယအကြိမ်ဆွေးနွေးမှုကို ဂျာမနီနိုင်ငံ၌ ကျင်းပခဲ့ကြောင်း စပီဂျဲလ်မဂ္ဂဇင်းက ဖော်ပြထားသည်။

အေအက်ဖ်ပီ။

အဆိပ်ရှိဓာတုဆေးရည်စည်များ မြှုပ်နှံခဲ့မှုပြဿနာ တောင်ကိုရီးယားနှင့် ပူးတွဲစုံစမ်းစစ်ဆေးရန် အမေရိကန်သဘောတူ

ဆိုးလ် မေ ၂၂

တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်စစ်စခန်းတစ်ခု၌ Agent Orange ခေါ် အဆိပ်ပြင်းထန်သော ဓာတုဆေးရည်များ ထည့်သွင်းထားသည့် စည်များကို မြှုပ်နှံခဲ့ကြောင်း အမေရိကန်စစ်ပြန်များက ပြောကြားခဲ့ပြီးနောက် ယင်းကိစ္စနှင့် စပ်လျဉ်း၍ ပူးတွဲစုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အမေရိကန်ပြည်ထောင်စုက သဘောတူညီခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်းရှိ ကမ့်ကာရိုး အမေရိကန်စစ်စခန်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားနိုင်ငံတောင်ပိုင်း ကမ့်ကာရိုးစစ်စခန်း၌ ၁၉၇၀ ခုနှစ်အတွင်းက Agent Orange ဓာတုဆေးရည်များ ထည့်သွင်းထားသည့် စည်များကို မြှုပ်နှံခဲ့ကြောင်း အမေရိကန်စစ်ပြန်များ၏ အဆိုကို ကိုးကား၍ အမေရိကန်နှင့် တောင်ကိုရီးယားမီဒီယာများက ဖော်ပြခဲ့ကြသည်။

Agent Orange ဓာတုဆေးရည်များကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာမည့် အရေးကို တောင်ကိုရီးယားနိုင်ငံက စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။

Agent Orange ဓာတုဆေးရည်များထည့်သွင်းထားသော စည်ပေါင်း ၂၅၀မျှကို ကမ့်ကာရိုးစစ်စခန်း၌ မြှုပ်နှံခဲ့ကြောင်း ယင်းစစ်စခန်း၌ တာဝန်ထမ်းခဲ့သော အမေရိကန်စစ်ပြန်များက ရုပ်သံထုတ်လွှင့်မှု အစီအစဉ်တစ်ရပ်တွင် ဝန်ခံပြောကြားခဲ့သည်။

အဆိုပါ ဓာတုဆေးရည်များသည် အဆိပ်အတောက်အလွန်ပြင်းထန်ပြီး သီးပင်စားပင်များကို ညှိုးရော်သေဆုံးစေသည့် အစွမ်းသတ္တိရှိသည်။

ဗီယက်နမ်စစ်ပွဲကာလ၌ အမေရိကန်တပ်ဖွဲ့များသည် Agent Orange ဓာတုဆေးရည်များကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခဲ့ကြသည်။

ကမ့်ကာရိုးစစ်စခန်းတည်ရှိရာဒေသ၏ ဘူမိအသွင်အပြင်နှင့် မြေအောက်ရေစီးဆင်းမှုပုံစံကို လေ့လာတွက်ချက်ပြီးနောက် Agent Orange ဓာတုဆေးရည်များကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် မြစ်ကြောင်းများ ညစ်ညမ်းရမှုတို့ကို တောင်ကိုရီးယားအစိုးရက ဖွဲ့စည်းပေးထားသည့် ကျွမ်းကျင်သူအဖွဲ့က လေ့လာနေပြီဖြစ်သည်။

အင်တာနက်။

လန်ဒန်မြို့ကို အကြမ်းဖက်တိုက်ခိုက်ရန် အယ်လ်ခိုင်ဒါခြိမ်းခြောက်

လန်ဒန် မေ ၂၂ ။ ။အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင် သေဆုံးခဲ့ရခြင်းအတွက် လက်စားချေသည့်အနေဖြင့် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်ကို အကြမ်းဖက်တိုက်ခိုက်ရန် အယ်လ်ခိုင်ဒါခေါင်းဆောင်သစ် အီဂျစ်နိုင်ငံသား ဆာအစ်ဖ်အဒဲလ်က ခြိမ်းခြောက်ခဲ့ကြောင်း မေ ၂၂ ရက် သတင်းများတွင် ဖော်ပြသည်။

ညွှန်ကြားခဲ့

အီဂျစ်အထူးတပ်ဖွဲ့အရာရှိဟောင်း ဆာအစ်ဖ်အဒဲလ်သည် အယ်လ်ခိုင်ဒါအဖွဲ့၏ ခေါင်းဆောင်အဖြစ် ရွေးချယ်ခံရပြီးနောက် လန်ဒန်မြို့တော်ကို အကြမ်းဖက်တိုက်ခိုက်ရန် ငယ်သားများအား ညွှန်ကြားခဲ့ကြောင်း ဒေးလီးမေးလ်သတင်းစာတွင် ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံသည် ဥရောပတိုက်၏ အမာခံကျောရိုးနိုင်ငံဖြစ်သောကြောင့် ယင်းနိုင်ငံအား ထိုးနှက်တိုက်ခိုက်သင့်သည်ဟု မိမိယုံကြည်ကြောင်း အယ်လ်ခိုင်ဒါခေါင်းဆောင်သစ်က ပြောကြားခဲ့သည်ဟုဆိုသည်။

အယ်လ်ခိုင်ဒါ၏ ခြိမ်းခြောက်မှုကို တုံ့ပြန်သည့်အနေဖြင့် လန်ဒန်မြို့တော်အတွင်းရှိ လမ်းပန်းဆက်သွယ်မှု လုံခြုံရေးရဲတပ်ဖွဲ့ဝင်များကို လက်နက်ကိုင်ဆောင်ခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းသစ်

အကြမ်းဖက်တိုက်ခိုက်မှုများမှ ဗြိတိန်နိုင်ငံအား ကာကွယ်သွားရန် ရည်ရွယ်လျက် လုံခြုံရေးဆိုင်ရာ စီမံကိန်းအသစ်တစ်ရပ်ကို ဗြိတိန်သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဖိလစ်ဟမ်မန့်က လာမည့်သီတင်းပတ်၌ ထုတ်ပြန်မည်ဟု မျှော်လင့်ရသည်။

အယ်လ်ခိုင်ဒါခေါင်းဆောင်သစ် ဆာအစ်ဖ်အဒဲလ်သည် အိုစမာဘင်လာဒင်၏ လုံခြုံရေးဆိုင်ရာ အကြီးအကဲများအနက် တစ်ဦးအပါအဝင်ဖြစ်ပြီး ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်)၏ အလိုအရှိဆုံး တရားခံတစ်ဦးဖြစ်သည်။

အင်တာနက်။

အိုက်စလန်နိုင်ငံတွင် ဂရမ်စဗော့မီးတောင်ပေါက်ကွဲ အပြည်ပြည်ဆိုင်ရာ လေဆိပ်ပိတ်ထားရ

စတော့ဟုမ်း မေ ၂၂ ။ ။ မေ ၂၁ ရက်ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် အိုက်စလန်နိုင်ငံ၌ ဂရမ်စဗော့မီးတောင်ပေါက်ကွဲခဲ့ရာ လေထုအတွင်းသို့ မီးတောင်ပြာမှုန်များ၊ ရေငွေ့များနှင့် မီးခိုးများ အမြင့် ၁၂ မိုင် (ကီလိုမီတာ၂၀)ခန့်ထိ မှုတ်ထုတ်ခဲ့သည်။ ယင်းမီးတောင်ပေါက်ကွဲမှုကြောင့် အိုက်စလန်၏ အဓိကအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ပိတ်ထားရပြီး ပြည်တွင်းလေကြောင်းခရီးစဉ်များကိုလည်း မေ ၂၂ ရက်တွင် ဖျက်သိမ်းခဲ့ရသည်ဟု အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါမီးတောင်ပေါက်ကွဲမှုသည် ယမန်နှစ်က အပြည်ပြည်ဆိုင်ရာ ခရီးသွားမှုကို ဖရိုဖရဲ ဖြစ်စေခဲ့သည့် မီးတောင်ပေါက်ကွဲမှုထက် ပိုမိုကြီးမားသော်လည်း ပျံ့နှံ့သက်ရောက်ပုံချင်း တူညီမှုမရှိဟု သိပ္ပံပညာရှင်တစ်ဦးက ပြောကြားသည်။

အိုက်စလန်တက္ကသိုလ်မှ ဘူမိရူပဗေဒပညာရှင်တစ်ဦးက ပြောကြားရာတွင် ယခု ဂရမ်စဗော့မီးတောင်ပေါက်ကွဲမှုသည် ယမန်နှစ်က အိုင်းယတ်ဖျလ်ယွတ်ကုလ် Eyjafjalyajiokull မီးတောင်ပေါက်ကွဲမှုထက် ပိုမိုကြီးမားကာ ပိုမိုပြင်းထန်သည်ဟု ဆိုသည်။ ၂၀၁၀ ခုနှစ် ဧပြီလတွင် ဖြစ်ပွားခဲ့သော အဆိုပါ မီးတောင်ပေါက်ကွဲမှုကြောင့် ဥရောပလေကြောင်းပျံသန်းမှုများ ငါးရက်တာ ရပ်နားထားခဲ့ရသည်။

အင်တာနက်။

ဂရမ်စဗော့မီးတောင်ပေါက်ကွဲမှုမှ ထွက်ပေါ်လာသော မီးခိုးပြာများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စစ်ကိုင်းတိုင်းဒေသကြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး ညှိနှိုင်းစည်းဝေး လျာထားစိုက်ဧကနှင့်ထွက်နှုန်းမှန်ကန်ရေး တိုင်းဒေသကြီးဝန်ကြီးချုပ် မှာကြား

နေပြည်တော် မေ ၂၂

၂၀၁၁-၂၀၁၂ ခုနှစ် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၀ ရက် နံနက် ၉ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ (အောက်ပုံ) **စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး တက်ရောက်သည်။**

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းဒေသကြီးမန်နေဂျာ ဦးလှမြင့်အောင်နှင့် တိုင်းဒေသကြီးစီမံကိန်းဦးစီးမှူး ဦးငွေအောင်တို့က စီမံကိန်းလျာထားချက်၊ ဆောင်ရွက်နေသော လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သီးနှံစိုက်စွမ်းအား မြင့်မားရေးအတွက် သီးထပ်သီးညှပ်စိုက်ပျိုးရေး၊ ယာမှ လယ်ပြောင်းစနစ် စိုက်ပျိုးရေး၊ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ လျာထားစိုက်ဧက မှန်ကန်စွာ ပြည့်မီကျော်လွန်ရေးနှင့် သတ်မှတ်ထွက်နှုန်း အမှန်ထွက်ရှိရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးအတွက် ဆေးတစ်ခွက်

ထွန်းဖောင်ဒေးရှင်းဘဏ်စာပေကော်မတီက ၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ဝေသော မောင်ဆုရှင် မြန်မာပြန်ဆိုသည့် အိမ်တွင်းသမားတော် စာအုပ်မှ ထုတ်နုတ်ဖော်ပြလိုက်ပါသည်

(ယမန်နေ့မှအဆက်)

စိုးရိမ်သောကဖြစ်ခြင်း (ANXIETY)

စိုးရိမ်သောကဖြစ်ခြင်းသည် ဘဝ၏ စိန်ခေါ်မှုများကို သဘာဝကျကျ တုံ့ပြန်မှုတစ်မျိုးဖြစ်သည်။ စိုးရိမ်ကြောင့်ကြမှုနှင့် စိုးရိမ်ပူပန်သောကတို့အကြား နှစ်ဖက်စွန်း၏အလယ်၌ စိတ်အနေအားဖြင့် ကြုံရဆုံရသူတို့မှာ သန်းပေါင်းများစွာ ရှိကြသည်။ စိုးရိမ်မှုများ သူရှိသလို တကယ်တမ်း ရောဂါမဖြစ်သေးသူတို့ ရှိကြသည်။ အမြဲတမ်း ပူပန်ကြောင့်ကြ ဖြစ်နေရတတ်သူတို့မှာ နေ့စဉ်ကိစ္စများ၌ ဟန်မပျက် ကျင်လည်နိုင်သော်လည်း သူတို့၏ စိတ်အနေနှင့် ရုပ်ပိုင်းအနေအထားကို စိုးရိမ်မှုက တစ်တိတိ တိုက်စားပစ်ခြင်းကို ခံရလျက်ရှိသည်။ ထိုကဲ့သို့ လွန်ကဲသော စိတ်အနေရှိသောအခါ စိတ်ကျရောဂါ၊ နှလုံးရောဂါနှင့် အခြားကျန်းမာရေး ပြဿနာများဖြစ်ဖို့ နီးစပ်လာလေသည်။ အောက်ပါတို့မှာ စိုးရိမ်ကြောင့်ကြ လွန်ကဲတတ်သူများအတွက် ကိုင်တွယ်ဖြေဖျောက်နိုင်ရန် နည်းလမ်းများ ဖြစ်သည်-

m *စွဲစွဲလမ်းလမ်း စိုးရိမ်တတ်သူတို့မှာ ရှိပါစေ၊ နေပါစေဟူ၍ မေ့ပျောက်ထား၍ မရကြ။ သူ့အလိုလို ရှင်းချင်မှ ရှင်းသွားပေရော့ဟု ဆက်၍သာ စိုးရိမ်နေတော့သည်။ ထိုသို့ကား မဖြစ်နိုင်။ ထို့ကြောင့် အလေ့အထပြု၍ ရှိပါစေ၊ နေပါစေဟု အတွေးဖြတ်လျက် လေ့ကျင့်ပေးဖို့ဖြစ်သည်။ သို့သော် ကိုယ့်နည်းနှင့်ကိုယ်အဆင်ပြေသောနည်းကိုလည်း ပြုလုပ်လေ့ကျင့်နိုင်သည်။*

m *မိမိကိုယ်ကိုယ် 'အထိမခံ ရွှေပန်းကန်' လို သဘောမထားပါနှင့်။ ဤသို့ ထင်မိလျှင် ထင်သလိုပင်ဖြစ်ကာ လူပျော့ဖြစ်သွားလိမ့်မည်။ ထို့ကြောင့် စိုးရိမ်တတ်ခြင်းကို အားနည်းချက်အဖြစ် လက်မခံဘဲ အားမွေးစရာ အကြောင်းအဖြစ် အသုံးချဖို့ ဖြစ်သည်။ လူရှေ့သူရှေ့တွင် ဟောပြောစရာ အကြောင်းတစ်ခုရှိသည် ဆိုပါစို့။ ထိုကိစ္စကို ရင်ခုန်ဒူးတုန်စရာမဟုတ်ဘဲ စိတ်ပါလက်ပါ ဆောင်ရွက်ရန်ရှိမှုဟု သဘောထားလိုက်ပါ။*

m *လူတစ်ဦးအဖို့ တစ်ခါတစ်ရံတွင် လုပ်ဆောင်ရန်ကိစ္စအမျိုးမျိုးကို တစ်ပြိုင်တည်း ကြုံရသောအခါ၌ စိုးရိမ်ကြောင့်ကြမှု ပေါ်တတ်သည်။ ထိုအခါမျိုး၌ ကိစ္စများမြောင်လှသည်ဟု အပျက်သဘောမမြင်ဘဲ ဘဝမှာ တက်ကြွစွာ လုပ်စရာတွေ၊ စိန်ခေါ်ချက်တွေ ရင်ဆိုင်ဖို့ အပြည့်ရှိနေသည်ဟု သဘောထားရန်လိုသည်။*

m *ဘီယာ၊ ဝိုင်နှင့် အခြားအရက်သေစာတို့သည် စိုးရိမ်မှုကို တိုးပွားစေနိုင်၏။ အရက်သောက်ခါစမှာ စိုးရိမ်စိတ်ပျောက်စေသော်လည်း အရက်သောက်ပြီးသည့်နောက်တစ်နေ့တွင် ပို၍ အစိုးရိမ်ကြီးကြောင်း တွေ့ရသည်။ ထို့ကြောင့် အရက်သေစာကို ရှောင်ဖို့ဖြစ်သည်။*

အခြေခံကျွမ်းကျင်မှုသင်တန်းဆင်း

ရန်ကုန် မေ ၂၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေး ရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) အခြေခံကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၁/၂၀၁၁)သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ဗဟိုသင်တန်းကျောင်း (လှိုင်သာယာ) သင်တန်းခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်ဆုများနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင် အငယ်တန်းအင်ဂျင်နီယာ(၂) အခြေခံကျွမ်းကျင်မှု သင်တန်း အမှတ်စဉ် (၁/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနား၌ အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

သွားနှင့် ခံတွင်း ဆေးပညာသင်တန်း ဖွင့်လှစ်ပို့ချ

ရန်ကုန် မေ ၂၂

မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်း၏ ဦးဆောင်မှုဖြင့် Basic Training Course Dental Implant သင်တန်းကို မေ ၁၃ ရက်က ကိုရီးယားသမ္မတနိုင်ငံ DAS TECH Co., Ltd. မှ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆေးပညာရပ်ဆိုင်ရာ ဆရာဝန် ၈၅ ဦးတို့အား ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ် ပတ္တမြားခန်းမ၌ ကျင်းပခဲ့သည်။ **(ဝဲပုံ)**

သင်တန်းကို မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်းဥက္ကဋ္ဌ ဒေါက်တာ ဦးသိန်းထွဋ်နှင့် CHOSUN University School of Dentistry မှ ပါမောက္ခ ဆေးရုံအုပ် Kang Dong Wan တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အမှာစကား ပြောကြားကြကြောင်းသိရသည်။

(ကြေးမုံ)

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေး

ရန်ကုန် မေ ၂၂

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၉ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေသူက အဖွင့်အမှာစကား ပြောကြားသည်။

အသေးစားချေးငွေပေးအပ်

ယင်းနောက် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၁၀ ခုနှစ် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့များ၏ ဆောင်ရွက်ချက်များကို တင်ပြကြပြီး ခရိုင်လေးခရိုင် အမျိုးသမီးရေးရာ အဖွဲ့များသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ထုတ်ချေးသော စနစ်သစ်ဖြင့် ဆောင်ရွက်သည့် Micro Credit အသေးစားချေးငွေများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ် အကျဉ်း

၂၃-၅-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၅။ မြန်မာ့ရှုခင်း
- ၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ စိုက်ပျိုးသုတ
- ၄း၃၀ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၄၅ ၇။ ဗွီစီဒီကျော်ကြားတေး
- ၄း၅၅ ၈။ သတိနှင့်တိုးမည့်ပိုးဖလံများ
- ၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင်(အပိုင်း-၃)**
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၃။ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၁၁)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ဒိဋ္ဌတာဝန်အရေး(၃)ပါး
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ Talk Of The Town
- ၂၁။ မေးမြန်းစူးစမ်း
- ၂၂။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၁၆)**
- ၂၅။ Mini Series
- ၂၆။ သင့်အတွက်မနက်ဖြန်

၁၉၉၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာဌာန၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ ရက်က ဗဟန်းမြို့နယ် အားကစားကွင်း အတွင်းရှိ M3 Food Centre ၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ပစ္စည်းများဖြင့် ကန်တော့ကြစဉ်။

(ကြေးမုံ)

(23-5)06.pmd 1 5/23/2011, 1:52 AM

အမှာစကားပြောကြား

နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးရေးလုပ်ငန်းများ ပိုမိုမြန်ဆန်သက်သာစေနိုင်ရန် ဖြေလျှော့ပေးနိုင်မည့် နည်းလမ်းများ ရှာဖွေပြုပြင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မေ ၂၀ ရက်က နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ အမှာစကားပြောကြားစဉ်။

(သတင်းဖော်ပြပြီး) (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၅-၂၀၁၁ (တနင်္လာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ဒါရုက္ခန္ဓောပမသုတ်" တရားတော်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၂)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၇၀)**
၈း၄၅	Activities In The City
၉း၀၀	တစ်တိုင်ဆီမီးမှသည်. . .
၉း၁၀	နိဗ္ဗာန်သို့ရည်မှန်းကုသိုလ်ယူ မြတ်သောအလှူ
၉း၂၀	MRTV-4 ကျန်းမာရေးကဏ္ဍ
၉း၅၀	ဖန်တီးသူ၏ ပညာစွမ်းမှသည်. . . လှပသောဘဝများဆီသို့
၁၀း၂၀	The Champion of Dance
၁၀း၅၅	နှစ်ဦးအလှူလွန်ကြည်ဖြူ. . . တူညီကောင်းမှုမင်္ဂလာပြု
၁၁း၀၅	Celebrity Choice
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀	ခနုဖြူမြို့ရဲ့ အထင်ကရနေရာများဆီသို့အလည်တစ်ခေါက်
၁၂း၂၅	စားချင်စဖွယ်နည်းအသွယ်သွယ်
၁း၀၀	"ဒါရုက္ခန္ဓောပမသုတ်" တရားတော်
၂း၀၀	MRTV-4 သတင်း
၂း၂၀	FMF Selection
၂း၅၅	[အလက(၁)ကျောက်ကြီးစု၊ ပဲခူးမြို့အာစရိယပူဇော်ပွဲ အခမ်းအနား]
၃း၁၀	မဟာစည်သာသနာ့ရိပ်သာမှ နှစ်သစ်ကူးပဒေသာပင် ဆွတ်ခူးပွဲတော်
၃း၂၅	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၂)**
၄း၀၀	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၇၀)**
၅း၀၅	လုံခြုံစိတ်ချလှပဂုဏ်ဆောင် စော်ဘွားလေးဗိုလ်ဗိုလ်မောင်
၅း၁၅	မဟာဗျူဟာ စာကြည့်တိုက်ဖွင့်ပွဲနှင့် ရွှေရတနာအောင်သရဖူ စေတီတော် မြတ်ရွှေထီးတော်တင်မင်္ဂလာ
၅း၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀	MRTV-4 သတင်း
၆း၂၀	Sunday Talk
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၃)**
၇း၃၅	ဗီဒီယိုပြခန်း
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၇၁)**
၁၀း၁၅	အနုပညာမိုးကောင်းကင်
၁၀း၃၅	ရင်နှစ်ပန်းတို့လန်းစေချင်
၁၀း၅၀	International Show Biz
၁၁း၀၅	စိုက်ပျိုးအောင်မြင် စပ်ခရမ်းချဉ်
၁၁း၁၅	ဈေးဝယ်လမ်းညွှန်
၁၁း၄၀	ချည်ခင်ကိုမယ်ရှင်းလို့ ရက်ကာအမြဲဝတ်မယ် ထာဝစဉ်. . .
၁၂း၀၀	ဖန်တီးသူနှင့်အနုပညာ
၁၂း၂၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ
၁၂း၄၀	စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ
၁း၀၀	မက်မက်မောမောမက်မန်း
၁း၁၀	Shooting Location
၁း၃၅	ရေဆန်စီးတဲ့မြစ်
၂း၀၅	မြင့်မြတ်စိတ်ထား ALKI-KEN အားကစား
၂း၃၅	ဒွိတိုင်းဌာနီဧရာဝတီ
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	အမြင့်သဘင်၏ရုပ်သေးသမစဉ်
၄း၂၀	ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
၄း၃၅	မြန်မာ့ရွှေချည်ထိုးပညာ
၄း၅၀	ထင်ရှားဖူးမြော် မွေတော်ကက္ကူစေတီတော်
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နေပြည်တော်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၂

နေပြည်တော်ကောင်စီဝင် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစောလှသည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ခရိုင် ရှစ်မြို့နယ်၌ မော်တော်ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရသေဆုံးမှုများ လျော့နည်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းမှု ဆောင်ရွက်လျက်ရှိသည့် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ပူးပေါင်းအဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိသူများအား ပညာပေးစစ်ဆေး အရေးယူဆောင်ရွက်နေမှု၊ အချက်အချာကျသော လမ်းဆုံမီးပွိုင့်များ၌ အဆင့်မြင့်နည်းပညာ LED /LCD ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆောင်ရွက်ထားမှုနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

နေပြည်တော်ကောင်စီဝင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစောလှ နေပြည်တော်ခရိုင် ရှစ်မြို့နယ်၌ မော်တော်ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရသေဆုံးမှုများ လျော့နည်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းမှု ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတကာ ရုပ်ရှင်အနုပညာရပ်ဝန်း

စိတ်ကူးယဉ်သိပ္ပံဇာတ်ကားတွင် သရုပ်ဆောင်ရန် တွမ်ခရုစ် သဘောတူ

ဒါရိုက်တာ ဂျိုးဇက်ကိုစင်စကီ ရိုက်ကူးမည့် စိတ်ကူးယဉ်သိပ္ပံဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ရန် မင်းသား တွမ်ခရုစ် က မေ ၂၀ ရက်တွင် သဘောတူလိုက်ပြီဖြစ်သည်။

Oblivion အမည်ရှိ စိတ်ကူးယဉ်သိပ္ပံဇာတ်ကားကို ဒါရိုက်တာဂျိုးဇက်ကိုစင်စကီနှင့် ယူနီဗာဆယ် ရုပ်ရှင်ထုတ်လုပ်ရေးတို့က ပူးပေါင်း၍ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ရင်းနှီးမြှုပ်နှံ၍ စီစဉ်ရိုက်ကူးသွားမည်ဖြစ်သည်။ ယင်းဇာတ်ကား၌ ကမ္ဘာမြေကြီးသည် လူသားများအတွက် အန္တရာယ်ထူပြောပြီး နေထိုင်ရန် မသင့်လျော်သည့် အခြေအနေသို့ ဆိုက်ရောက်လာသည့် အတွက် အနာဂတ်ကာလတွင် အာကာသအတွင်း တက်ရောက်နေထိုင်ရန် ကြိုးစားကြပုံကို ဖန်တီးရိုက်ကူးထားခြင်းဖြစ်ပြီး တွမ်ခရုစ်က အခြားဂြိုဟ်မှ ဂြိုဟ်သားများကို တိုက်ခိုက်ရာတွင် အသုံးပြုသည့် စက်ရုပ်များကို ပြုပြင်စစ်ဆေးရသည့် ကမ္ဘာ့မြေမျက်နှာပြင်ပေါ်တွင် တစ်ဦးတည်း ကျန်ခဲ့သော စစ်သားအဖြစ်ရှိနေစဉ် တစ်နေ့သောအခါ မမျှော်လင့်ဘဲ အလွန်ချောမောလှပသော အမျိုးသမီးတစ်ဦး ကမ္ဘာမြေပေါ်သို့ ကျရောက်လာပြီးနောက် မည်သို့မည်ပုံ ဖြစ်ပျက်သွားသည်ကို ရောင်စုံပိတ်ကားပေါ်တွင်သာ ဆက်လက်ရှုစား ကြရမည်ဖြစ်သည်။

တွမ်ခရုစ်ကို ယင်းဇာတ်ကားအပြင် Rock of Ages ဇာတ်ကားတွင်လည်း မြင်တွေ့ရဦးမည်ဖြစ်သည်။ ***အင်တာနက်။***

ရုပ်သံဇာတ်လမ်းတွဲသစ်တွင် သရုပ်ဆောင်နေသည့် ပက်ဆီဟိုးနှင့် မွန်းချေးဝန်

ကိုရီးယားမင်းသား ပက်ဆီဟိုးနှင့် မင်းသမီး မွန်းချေးဝန်တို့သည် ကေဘီအက်စ်ရုပ်သံလိုင်းအတွက် ရုပ်သံဇာတ်လမ်းတွဲတစ်ခု ရိုက်ကူးလျက်ရှိကြောင်း ၎င်းတို့၏ အေဂျင်စီများက သောကြာနေ့တွင် ထုတ်ဖော်ပြောကြားသည်။

The Princess' Man အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲသစ်တွင် ပက်ဆီဟိုးက ကင်ဆောင်ယိုးအဖြစ် သရုပ်ဆောင်ထားပြီး မွန်းချေးဝန်က ဆီရှိုင်ယွန်အဖြစ် သရုပ်ဆောင်ထားပြီး ဇူလိုင် ၂၀ ရက်တွင် စတင်ထုတ်လွှင့်မည်ဖြစ်သည်။

ယင်းဇာတ်ကားသည် ကိုရီးယားရာဇဝင်သမိုင်းကြောင်းအရဆိုလျှင် ရိုမီယိုနှင့် ဂျူးလီယက် ချစ်ဇာတ်လမ်းကဲ့သို့ မင်းသမီး ဆီရှိုင်ယွန်သည် ဖခင်ဘုရင်ကြီးကို ပုန်ကန်သူ၏သား ကင်ဆောင်ယိုးနှင့် မေတ္တာသက်ဝင်လျက်ရှိပုံကို ဖော်ကျူးရိုက်ကူးထားခြင်းဖြစ်ပြီး ကြည့်ရှုသူပရိသတ်များအနေဖြင့် အလွမ်းအဆွေးရသကို အပြည့်အဝ ခံစားနိုင်မည်ဖြစ်ကြောင်း အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မင်းသား ပက်ဆီဟိုးသည် ၂၀၀၅ ခုနှစ်တွင် Delightful Girl Choon Hyang ရုပ်သံဇာတ်လမ်းတွဲ၊ ၂၀၀၆ ခုနှစ်တွင် What Star Did You Come From ရုပ်သံဇာတ်လမ်းတွဲနှင့် ၂၀၁၀ ခုနှစ်တွင် Princess Prosecutor ရုပ်သံဇာတ်လမ်းတွဲများကို ရိုက်ကူးခဲ့သူဖြစ်သည်။

မင်းသမီး မွန်းချေးဝန်သည် ၂၀၀၇ ခုနှစ်တွင် Run Mackerel ရုပ်သံဇာတ်လမ်းတွဲ၊ ၂၀၀၈ ခုနှစ်တွင် The Painter of the Wind ရုပ်သံဇာတ်လမ်းတွဲနှင့် ၂၀၀၉ ခုနှစ်တွင် My Fair Lady ရုပ်သံဇာတ်လမ်းတွဲများကို ရိုက်ကူးခဲ့သူဖြစ်သည်။ ***အင်တာနက်။***

အေဝမ်းစိုး

ဟိုတယ်စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၂

နိုင်ငံတကာအသိအမှတ်ပြု ဒီပလိုမာဘွဲ့ကို ရယူလိုကြသော လူငယ်များအတွက် ရည်ရွယ်၍ အင်္ဂလန်မှ ချီးမြှင့်သော Higher National Diploma in Hotel Management ဘွဲ့ကို လာမည့်ဇွန်လမှစတင်၍ Star Resources Hospitality Management Academy တွင် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ပထမပိုင်း ခြောက်လသင်ယူအောင်မြင်ပြီးပါက London Hotel School College တွင် Sale& Marketing,People Management, Career Development နှင့် Managerial Skill Course များအတွက် ဒုတိယပိုင်းခြောက်လနှင့် အချိန်ပြည့်အလုပ်သင်လေးလကို ဟိုတယ်ကြီးများတွင် ဝင်ရောက်လုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ B.A Hons ဘွဲ့ကိုလည်း နောက်ထပ်တစ်နှစ် ဆက်လက်သင်ကြားရုံဖြင့် ရရှိနိုင်ကြောင်းနှင့် ဘွဲ့တစ်ခုလုံးကို မြန်မာနိုင်ငံတွင် ပြီးဆုံးသည့်တိုင်အောင် တက်ရောက်နိုင်ရန် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း (၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

နေပြည်တော်စားသောက်ဆိုင်အသင်း မကြာမီဖွဲ့စည်းမည်

နေပြည်တော် မေ ၂၂

နေပြည်တော်သို့ လာရောက်သည့် ခရီးသွားပြည်သူများနှင့် ဝန်ထမ်းများ ကျန်းမာရေးနှင့် ညီညွတ်ပြီး အဆင့်အတန်း တိုးတက်ကောင်းမွန်သည့် စားသောက်ဆိုင်များ ဖြစ်ထွန်းပေါ်ပေါက်ရေးနှင့် နေပြည်တော်အင်္ဂါရပ်နှင့် ညီညွတ်သည့် ဝန်ဆောင်မှုကောင်းမွန်စွာ ပေးနိုင်သည့် စားသောက်ဆိုင်များ ပေါ်ထွန်းလာရေးအတွက် နေပြည်တော်စားသောက်ဆိုင်အသင်းကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့အတူ နေပြည်တော်သို့ လာရောက်သည့် ခရီးသွားများ သွားလာနေထိုင်မှု အဆင်ပြေ လွယ်ကူစေရေးအတွက် နေပြည်တော်၏ ထင်ရှားသောနေရာများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် အရေးပေါ် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ပါဝင်သည့် နေပြည်တော် Tour Guide Book ထွက်ရှိရေးအတွက် စီစဉ်နေသည်ဟုလည်း သိရှိရသည်။

(သတင်းစဉ်)

D **ကချင်ပြည်နယ်မှ**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်၊ ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးကမန်းဒူးနော်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း၊ ဒုတိယဝန်ကြီး ဦးကျော်လွင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူးနော်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းတို့က နန့်ခွင်ချောင်းတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ယခုဖွင့်လှစ်သည့် နန့်ခွင်ချောင်း တံတားမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် ဆောင်ရွက်ပြီးစီးသဖြင့် တံတားအမှတ်စဉ်(၂)အဖြစ် ဖွင့်လှစ်ပေးခဲ့သော တံတားဖြစ်သည်။ ဤတံတားကြီး ဖွင့်လှစ်ပေးလိုက်သည့်အတွက် ကချင်ပြည်နယ်မှ ထွက်ရှိသော သဘာဝသယံဇာတပစ္စည်းများ၊ ဆန်စပါး၊ ကောက်ပဲသီးနှံများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ အရှေ့မှ အနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသောလမ်းများမှ တစ်ဆင့် နိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုမြန်ဆန်စွာ သယ်ယူပို့ဆောင်နိုင်တော့မည် ဖြစ်သကဲ့သို့ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ သည်လည်း အဘက်ဘက်မှ ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းနှင့် တာဝန်ရှိသူများ နန့်ခွင်ချောင်း တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှုရက်သတ္တပတ်(၂၀၁၁) ဖွင့်ပွဲ တက်ရောက်

နေပြည်တော် မေ ၂၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် မေ ၂၁ ရက် နံနက် ၉ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပဲခူးတိုင်းဒေသကြီး အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ်(၂၀၁၁)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှု ပပျောက်အောင် ဆောင်ရွက်နိုင်ရေး အတွက် သန့်လေးသန့် လုပ်ငန်းကို လူတိုင်းသိရှိသဘောပေါက် လိုက်နာဆောင်ရွက်ကြစေရန်၊ အိမ်တိုင်း ယင်လုံအိမ်သာသုံးစွဲရေး၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းကိုလည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းကြီး(၅)ရပ်မှ အဓိကလုပ်ငန်းတစ်ရပ်အနေဖြင့် သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပြည်သူလူထုက ကျန်းမာရေးနှင့်ညီညွတ်သော အမူအကျင့်များ ပြုမူကျင့်ကြံလာစေရန်နှင့် အပြုအမူပြောင်းလဲရေးဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများကို ကျေးလက်အောက်ခြေ အရောက် ကွင်းဆင်းဟောပြောပညာပေးရန်တို့ကို မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဗိုလ်မင်းသိမ်း ရပ်ကွက်အတွင်းရှိ သောက်ရေကန်များ၌ (ABATE) အဘိတ်ဆေးနှင့် ရေတွင်းများ၌ ကလိုရင်းဆေးများ ခတ်ပေးပြီး ရပ်ကွက်အတွင်း ခြင်ကာကွယ်ဆေးမှုတ်နေမှုများ၊ ပဲခူးမြို့ ပြည်သူ့ဆေးရုံ ပတ်ဝန်းကျင် သန့်ရှင်းရေးပြုလုပ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း ပဲခူးမြို့ ပြည်သူ့ဆေးရုံ ပတ်ဝန်းကျင်သန့်ရှင်းရေး ပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေး

ရန်ကုန် မေ ၂၂

ပဲခူးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ရှေ့လုပ်ငန်းစဉ်များညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၉ ရက် နံနက် ၈ နာရီတွင် ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေသူက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများပေးအပ်ပြီး ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငွေစန်းနှင့် ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာတင်တင်ဝင်းတို့က ၂၀၁၁ ခုနှစ် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ခရိုင်အတွင်း လုပ်ငန်းဆောင်ရွက်ထားမှုများနှင့် ပဲခူးတိုင်းဒေသကြီး တီဘီဆရာဝန်ကြီး ဒေါက်တာမြင့်ဆန်းက Global Fund ဖြင့် ဆောင်ရွက်သည့်တီဘီရောဂါ တိုက်ဖျက်ရေးစီမံချက်တို့ကို ရှင်းလင်းတင်ပြကြပြီး ပဲခူး၊ တောင်ငူ၊ ပြည်နှင့် သာယာဝတီခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များအား ငွေကျပ်သုံးသိန်းစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

m **ကျောဖုံးမှ**

မကြာသေးမီက ထုတ်ပြန်လိုက်သော ပင်လယ်ကြမ်းပြင်လွှာ လှုပ်ရှားမှုဆိုင်ရာ သတင်းအချက်အလက်များအရ ပင်လယ်ကြမ်းပြင်လွှာသည် အရှေ့တောင်နှင့် အရှေ့ဘက်သို့ သွယ်တန်းနေသော မျက်နှာပြင်ဘက်သို့ ၇၉ ပေခန့် ရွေ့သွားကြောင်း လေ့လာတွေ့ရှိရသည်။

မြေငလျင်လှုပ်မှုကြောင့် ပင်လယ်ကြမ်းပြင်လွှာသည် အပေါ်ဘက်သို့လည်း ၁၀ ပေခန့် မြင့်တက်လာခဲ့သည် ဆို၏။

မြေငလျင်လှုပ်ချိန်အတွင်း ပင်လယ်ကြမ်းပြင်လွှာရွေ့သွားခဲ့ရသည်ဟု ယူဆရကြောင်း ဂျပန်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့အတွက် အလုပ်လုပ်ကိုင်နေသော ဘူမိရုပ်ပုံလွှာလေ့လာရေးသိပ္ပံပညာရှင် ဒေါက်တာမာရီကိုဆာတိုက ပြောကြားသည်။

မြေငလျင်ဗဟိုပြုရာ ဒေသအတွင်း ဘူမိမြေလွှာတုန်ခါမှုဆိုင်ရာ ဖိအားသက်ရောက်မှုများ ဆက်လက်ရှိနေဆဲ ဖြစ်သဖြင့် နောက်ထပ်အင်အားပြင်း မြေငလျင်များ လှုပ်နိုင်သေးကြောင်း သုတေသီများက သတိပေးကြသည်။ ***အင်တာနက်။***

ဂျပန်နိုင်ငံ အရှေ့မြောက်ဘက် ပင်လယ်ကမ်းရိုးတန်းဒေသ၌ မတ် ၁၁ ရက်ကမြေငလျင်လှုပ်မှုနှင့်အတူ ဆူနာမီရေလှိုင်းပြင်းထန်စွာ ရိုက်ခတ်ခဲ့သည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၁ ရက်က မအူပင်မြို့နယ်၌ တည်ဆောက်လျက်ရှိသည့် ဘိုးဘွားရိပ်သာ စကြံလျှောက်လမ်းအတွက် ငွေကျပ် ၁၂ သိန်းကို ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် မေတ္တာလမ်းနေ ဉာဏ်ကျယ်လေး စတိုးဆိုင်ပိုင်ရှင် ဦးတင်အောင်-ဒေါ်တင်အေး၊ ညီမဒေါ်တင်နွဲ့နှင့် သားသမီးမြေးများက မအူပင်မြို့နယ်အသင်း (ရန်ကုန်) အထွေထွေ အတွင်းရေးမှူး ဦးမြစိုးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အပြည်ပြည်ဆိုင်ရာသူနာပြုနေ့အခမ်းအနား ပျဉ်းမနား၌ ကျင်းပ

နေပြည်တော် မေ ၂၂

မေ ၁၂ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ၏ သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနားကို မေ ၂၀ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော် ခရိုင် ပျဉ်းမနားမြို့နယ် အထွေထွေရောဂါကု ခုတင်(၂၀၀)ဆေးရုံခန်းမ၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှလှကြည် တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် သူနာပြုအုပ် ဒေါ်ခင်သန်းက မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်နန်းထွမ်းလှထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

(အပေါ်ပုံ) ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်လှလှကြည်က သူနာပြုလုပ်ငန်းသည် အထူးမွန်မြတ်သော လုပ်ငန်းဖြစ်ပြီး ဂုဏ်ယူစရာလည်းဖြစ်ကြောင်း၊ မေတ္တာစေတနာထား၍ ကြိုးစား လုပ်ကိုင်ကြစေလိုကြောင်း၊ အရေးပေါ်ကိစ္စများပေါ်ပေါက်လာပါက တာဝန်ထမ်းဆောင်ရန် အဆင်သင့်ဖြစ်စေရေး၊ လူမှုဆက်ဆံရေး ပိုမိုကောင်းမွန်စေရေးတို့ကို မှာကြားပြီး လုပ်ငန်းတာဝန် ထူးချွန်သည့် သူနာပြုအုပ်နှင့် သူနာပြုဆရာမ စုစုပေါင်း ငါးဦးတို့အား ဂုဏ်ပြုဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ (ကျန်းမာရေး)

ရေဦးမြို့ မြို့မဈေးသန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် မေ ၁၀ ရက်က ဈေးအတွင်း၊ အပြင် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ (၂၅) ရက် မှ (၃၁) ရက်ထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

ကိုယ်တိုင်ကျင့်၊ တစ်ဆင့်ပွား၊ အများကျန်းမာဆောင်ပုဒ်အတိုင်း ကွင်းဆင်းဆောင်ရွက် တနင်္သာရီတိုင်းဒေသကြီး အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှုရက်သတ္တပတ် ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၂၂

တနင်္သာရီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနက ကျင်းပသော အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုရက်သတ္တပတ် (၂၀၁၁) ဖွင့်ပွဲအခမ်းအနားကို မေ ၂၁ ရက် နံနက် ၉ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော် တက်ရောက်၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် မျှော်မှန်းလူသက်တမ်းမြင့်မားရေးတို့ကို နိုင်ငံတော်က အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုများကို ကိုယ်တိုင်ကျင့်၊ တစ်ဆင့်ပွား၊ အများကျန်းမာ ဆိုသည့် ဆောင်ပုဒ်အတိုင်း မိမိကိုယ်တိုင်သိရှိအောင် ကြိုးစားလေ့လာပြီး ပြည်သူလူထုများအား မြို့တွင်းသာမက ကျေးလက်ဒေသ အောက်ခြေအထိ ရောက်အောင် ကွင်းဆင်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနမှ (၂၀၁၁) ခုနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အတွက် ပေးပို့သောသဝဏ်လွှာကို တိုင်းဒေသကြီးကျန်းမာရေးနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းဆွေက ဖတ်ကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ကျန်းမာရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၁၁) အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ထားဝယ်မြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများအား ဆေးဝါးလုံလောက်စွာ ရရှိရေး၊ တိုက်နယ်ဆေးရုံများအား လိုအပ်သည့် ဆေးဝါးများထုတ်ပေးရေး၊ လူနာများအား စိတ်ချမ်းသာစွာ ဆေးဝါးကုသမှု ခံယူနိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရေးနှင့် ဆေးရုံပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြု ဆောင်ရွက်ကြရေး မှာကြားခဲ့ပြီး အရေးပေါ်လူနာကုသဆောင်၊ သံဃာဆေးကုသဆောင်၊ ဆေးသိုလှောင်ခန်း၊ ဖျားနာကုသဆောင် (ကျား/မ)၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်းများကို ကြည့်ရှုစစ်ဆေး၍ ဆေးဝါးကုသမှုခံယူလျက်ရှိကြသည့် လူနာများအား ကြည့်ရှုအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများ၊ ဆရာဝန်၊ ဆရာမများနှင့် ဆေးရုံဝန်ထမ်းများ၏ ဆေးရုံပင်မဆောင်နှင့် ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေး လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၂

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဗိုလ်မှူးချုပ်ဇော်မင်းသည် မေ ၁၉ ရက်တွင် ဘားအံမြို့ အမှတ်(၆)ရပ်ကွက်ရှိ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့၏ ရုံးသစ်တည်ဆောက်ပြီးစီးမှု၊ ဘားအံမြို့ ဇွဲကပင်ခန်းမအနီး ပြည်နယ်သစ်တောဦးစီးဌာန၏ ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီနှင့် ပိတောက်ပျိုးပင် တစ်သိန်း ပျိုးထောင်ထားရှိမှု၊ အမှတ်(၄)ရပ်ကွက် မြို့မပျိုးဥယျာဉ်အတွင်း ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်၊ ယူကလစ်၊ ဆီသပြေ၊ စိန်ပန်းစသည့် ပျိုးပင်မျိုးစုံ ပျိုးထောင်ထားရှိမှု၊ ဘားကပ်စံပြကျေးရွာရှိ မြို့နယ်သစ်တောပျိုးဥယျာဉ်အတွင်း သစ်မာပျိုးပင်မျိုးစုံ ပျိုးထောင်ထားရှိမှုနှင့် တရုတ်လှစံပြကျေးရွာအနီး စပါးမျိုးသန့်မျိုးပွားစံပြစိုက်ကွင်းအတွင်း စပါးမျိုးသန့်များ ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆန်စပါးထုတ်လုပ်မှုမြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၂၂

ဆန်စပါးထုတ်လုပ်မှု မြှင့်တင်ရေး ဆွေးနွေးပွဲကို မေ ၂၀ ရက် နံနက် ၉ နာရီတွင် သန်လျင်မြို့ သာသနာ့ ဗိမာန်တော်၌ ကျင်းပရာ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အသင်းခွဲဥက္ကဋ္ဌ ဦးအောင်သန်းဦးက အမှာစကား ပြောကြားပြီး တာဝန်ရှိသူများက ဆန်စပါး ထုတ်လုပ်မှုမြှင့်တင်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးကြရာ သန်လျင်၊ ကျောက်တန်း၊ ခရမ်းနှင့် သုံးခွမြို့နယ်တို့မှ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အသင်းခွဲဥက္ကဋ္ဌ ဦးအောင်သန်းဦး ဆန်စပါး ထုတ်လုပ်မှုမြှင့်တင်ရေးဆွေးနွေးပွဲ၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့် ADBI ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

ရန်ကုန် မေ ၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်အား ဂျပန်နိုင်ငံ Asia Development Bank Institute မှ Dr.Giovanni Capannelli (Principal Economist and Senior Research Fellow) နှင့် Mr.Jean Pierre Verbiest (Principal Consultant ASEAN 2030 Study, ADBI) တို့သည် မေ ၁၂ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ ကုန်သည်/စက်မှုလက်မှုအသင်းချုပ်နှင့် ADBI တို့ ပူးပေါင်း၍ 1st Country Consultation Meeting on Aspirations and Challenges for ASEAN and the Myanmar Economy in 2030 ကို အောင်မြင်စွာ ကျင်းပနိုင်ရေးကိစ္စ စွမ်းဆောင်ရည်တိုးမြှင့်ရေးဆိုင်ရာ သင်တန်းများအတွက် ADBI မှ ပံ့ပိုးကူညီပေးနိုင်မည့်ကိစ္စ၊ အသင်းချုပ်နှင့် ADBI တို့ ပူးပေါင်းကျင်းပမည့် ဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ ပြည်ပမှ ပညာရှင်များ စေလွှတ်ပေးနိုင်မည့်ကိစ္စများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပါရမီရိပ်သာ ဇီဇဝါလမ်းနေ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ မဟာသဒ္ဓမ္မဇောတိကဓဇ ဗိုလ်မှူးကြီး စောမြင့်(ငြိမ်း)၏ (၈၉)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဇနီး ဒေါ်တင်မြင့် မိသားစုက ထာဝရ အဆောက်အအုံပဒေသာပင်အတွက် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

နေပြည်တော် မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်-နေ့လယ်-ည)

၂၃-၅-၂၀၁၁

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (အင်္ဂုလိမာလသုတ်+ဗောဇ္ဈင်္ဂသုတ်)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	လယ်ယာစီးပွား တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	မေတ္တာတွက်တာအလှကမ္ဘာ
၁၁း၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	သိပ္ပံပညာသိကောင်းစရာ
၁၁း၄၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၁၂း၁၅	အလုပ်အကိုင်အခွင့်အလမ်း
၁၂း၂၀	တေးပဒေသာ
၁၂း၃၀	အားကစားသတင်းပဒေသာ
၁၂း၄၀	လူမှုစာနာပြန်ကြားလွှာ နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	ထူးခြားထင်ရှားတစ်ပတ်အတွင်း သတင်းများ
၅း၁၀	သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ
၅း၁၅	ဇာနည်စစ်သည်တေးပန်းချီ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၅	အင်္ဂလိပ်စာသုတပဒေသာ ညနေခင်းတေးပဒေသာ
၆း၀၀	ညနေခင်းသတင်း နိုင်ငံရေးဦးတည်ချက်
၆း၁၀	တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း စီးပွားရေးဦးတည်ချက်
၇း၁၀	ရေဒီယိုအတိတ်တေးအရိပ် တေးပဒေသာ
၇း၄၀	ပြုံးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း လူမှုရေးဦးတည်ချက်
၈း၂၀	ချမ်းမြေ့သာယာသီရိဂေဟာ
၉း၀၀	ခံစားနားဆင်မြန်မာတေးသံစဉ်
၉း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

အိမ်မဲစည်ပင် ရေနုတ်မြောင်းတူးဖော်

အိမ်မဲ မေ ၂၂

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ရေစီးရေလာကောင်းမွန်ရေးအတွက် မေ ၁၈ ရက်က ချယ်ရီလမ်းတစ်လျှောက် ရေနုတ်မြောင်းတူးဖော်ရှင်းလင်းရာ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်တို့က ကြပ်မတ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲတွင် I.C.E Computer Center ပါဝင်ပြသခဲ့

ရန်ကုန် မေ ၂၂

သတ္တမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၁၁ ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသခဲ့ရာတွင် Computer ဆက်စပ်ပစ္စည်းကိုအမျိုးအစား စုံလင်စွာ အထူးဈေးနှုန်းများနှင့် ရောင်းချပေးခဲ့သည်။ **(အောက်ပုံ)** အထူးအစီအစဉ်အနေဖြင့် ပြပွဲတွင် ဝယ်ယူအားပေးသော Customer များအတွက် အထူးလက်ဆောင်များ ပေးခြင်းနှင့် Lucky Draw အစီအစဉ်နှစ်မျိုး ထည့်သွင်းပေးခြင်းတို့အပြင် Netbook, Notebook, Apple များအတွက် ဗလာမပါကံစမ်းမဲအစီအစဉ်ကိုလည်း ပြုလုပ်ပေးခဲ့သည်။ ခြောက်သိန်းတန် DELL Core i3 (1GB Graphic) Notework တစ်လုံးကို ပြပွဲကာလအတွင်း နေ့စဉ် မဲနှိုက်၍ ရောင်းချပေးခဲ့ကြောင်း သိရှိရသည်။ (ကြေးမုံ)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

မြင်းမူ၌ ကားနှစ်စီး မျက်နှာချင်းဆိုင်တိုက်

မြင်းမူ မေ ၂၂

မြင်းမူမြို့နယ် ငွေးပင်တောကျေးရွာကားလမ်း မိုင်တိုင်အမှတ် ၅၈/၅ အနီး မုံရွာဘက်မှ စစ်ကိုင်းဘက်သို့ ယာဉ်မောင်း ဝင်းကျော် မောင်းနှင်လာသော ၆ခ/--- ခရီးသည်တင်ယာဉ်နှင့် စစ်ကိုင်းဘက်မှ မုံရွာဘက်သို့ ယာဉ်မောင်း မျိုးကျော် မောင်းနှင်လာသော ၈င/--- လိုက်ထရပ်ကားတို့ မျက်နှာချင်းဆိုင်တိုက်မိသဖြင့် ခရီးသည်သုံးဦး ပေါက်ပြဲဒဏ်ရာတို့ ရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍လူအားထိခိုက်ဒဏ်ရာရအောင် ယာဉ်မဆင်မခြင်မောင်းနှင်သော ယာဉ်မောင်း ဝင်းကျော်နှင့် ယာဉ်မောင်း မျိုးကျော်တို့အား မြင်းမူရဲစခန်းမှ (ပ)၁၅၃/၂၀၁၁၊ ပုဒ်မ ၃၃၇/၃၃၈ ဖြင့် အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။ (၂၂၉)

ထော်လာဂျီနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက် ဆိုင်ကယ်စီးသူ အမျိုးသမီး ပွဲချင်းပြီးသေဆုံး

မလှိုင် မေ ၂၂

မိတ္ထီလာခရိုင် မလှိုင်မြို့နယ် နှောကန်ကျေးရွာသွားကားလမ်း ဆည်ရွာထိပ်တွင် မေ ၁၅ ရက်က အနောက်မှအရှေ့သို့ ဇော်မင်း မောင်းနှင်လာသည့် ၉၅/၂၁၅၈၇ ထော်လာဂျီနှင့် အရှေ့မှအနောက်သို့ ဆည်ရွာနေ မဝိုင်းအေး(၃၅)နှစ် စီးလာသည့် နံပါတ်မပါဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိကြရာ ဆိုင်ကယ်စီးသူ မဝိုင်းအေးသည် ပြင်းထန်စွာဒဏ်ရာရရှိသွားသဖြင့် မလှိုင်ဆေးရုံတွင် တင်ထားစဉ် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။ ယင်းအမှုကို မလှိုင်ရဲစခန်းက ထော်လာဂျီမောင်းသူ ဇော်မင်း(၄၇)နှစ်အား ရဲစခန်း(ပ) ၅၂/၂၀၁၁ ပုဒ်မ ၃၀၄(က) ဖြင့် အရေးယူထားကြောင်း သိရသည်။ (၁၁၁)

မော်လမြိုင်ကျွန်း၌ စိန်မြသီး အမှတ်(၂) ချောင်းကူးတံတားဖွင့်

မော်လမြိုင်ကျွန်း မေ ၂၂

မော်လမြိုင်ကျွန်းမြို့နယ် ကွဲခြံရေကျော်ကျေးရွာချောင်းကူး စိန်မြသီး အမှတ်(၂) တံတားသစ်ဖွင့်ပွဲကို မေ ၃ ရက် ညနေ ၅ နာရီက တံတားသစ်ရှေ့မျက်နှာစာ၌ ကျင်းပရာ **(ယာပုံ)** မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းတံတားသစ်အား အလှူရှင် မော်လမြိုင်ကျွန်းမြို့နေ စိန်မြသီး ဆန်စက်ပိုင်ရှင် ဦးနီ- ဒေါ်စန်း မိသားစုက ငွေကျပ်သိန်း ၃၀ တန် အာစီကွန်ကရစ် တံတားသစ်အား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်လှူဒါန်း ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ကွဲခြံရေကျော်၊ ကွဲခြံဝ၊ ကွဲခြံကျုံလန်၊ စခန်းချောင်း၊ သစ်ဖြူချောင်းနှင့် စာဖြူစုကျေးရွာများမှ ပြည်သူများ တစ်ရွာမှတစ်ရွာသို့ အချိန်မရွေး သွားလာဆက်သွယ်နိုင်ပြီဟု သိရသည်။ (၃၆၄)

23-5)09.pmd 1 5/23/2011, 1:52 AM

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ ၂၀၁၁ ခုနှစ် (၁၂) ကြိမ်မြောက် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဖလား တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၉)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၁၂)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်

ရန်ကုန် မေ ၂၂

၂၀၁၁ ခုနှစ် (၁၂)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်အမှာစကား ပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပထမနေ့ပွဲစဉ်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ စတင်ယှဉ်ပြိုင်ကစားကြသည်။ ပြိုင်ပွဲကို မေ ၂၁ ရက်မှ ဇွန် ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဘောလုံးအသင်း ၁၃ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ ကျင်းပသော ၂၀၁၁ ခုနှစ် ဆဋ္ဌမအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသားပတ်လည် ဟော်ကီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တတိယဆုရ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်း၊ ဒုတိယဆုရ နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းနှင့် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့အား မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နေရာအလိုက် အကောင်းဆုံးဆုနှင့် ပွဲစဉ်အားလုံးတွင် အကောင်းဆုံးဆုရရှိကြသူ အားကစားသမားများအား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူတို့က ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ဆုဖလားနှင့် ဆင့်ပွားဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် နံနက်ပိုင်းကလည်း (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေသော မြန်မာ့လက်ရွေးစင် ဝူရှူး အားကစားသမားများနှင့် သေနတ်ပစ် အားကစားသမားများအား သွားရောက်တွေ့ဆုံအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရိုးရာခြင်းလုံးခတ်အသင်းအတွက် လူရွေးချယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ရန်ကုန် မေ ၂၂

မြန်မာနိုင်ငံ မြန်မာ့ရိုးရာ ခြင်းလုံးအဖွဲ့ချုပ်သည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့ရိုးရာ ခြင်းလုံးခတ်အသင်းအတွက် လူရွေးချယ်ရေးလုပ်ငန်းများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ပြိုင်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံးခတ် အားကစားနည်းများဖြစ်သော ဘယ်ညာစုံ၊ မျိုးတူပြိုင်၊ မျိုးကွဲပြိုင်၊ အတွဲပြိုင်၊ ခြင်းရိုး၊ ခြင်းလတ်ပြိုင်ပွဲများအပြင် အလှခတ်ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ထို့အပြင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အသစ်တီထွင်ထားသော မြန်မာ့ရိုးရာခြင်းလုံးခတ် အားကစားကွင်း နှစ်ကွင်း ယှဉ်ပြိုင်ခတ် ကစားနည်းကိုလည်း ထည့်သွင်းကျင်းပရန် မြန်မာနိုင်ငံ မြန်မာ့ရိုးရာ ခြင်းလုံးအဖွဲ့ချုပ်က ဆောင်ရွက်လျက်ရှိသည်။ ယင်းခြင်းလုံးခတ်အားကစား ကွင်းနှစ်ကွင်း ယှဉ်ပြိုင်ခတ်ကစားနည်း ဥပဒေများကို ရေးဆွဲပြီးဖြစ်ရာ ပဏာမ လက်ရွေးစင်များကိုလည်း ရွေးချယ်ကာ လေ့ကျင့်လျက်ရှိသည်။

အရှေ့တောင်အာရှ ဒေသတွင်း နိုင်ငံများ မြန်မာ့ရိုးရာ ခြင်းလုံးခတ် အားကစားနည်းကို စိတ်ပါဝင်စားလာစေရန်နှင့် မြန်မာ့ရိုးရာခြင်းလုံးခတ် အားကစားနည်းကို မျိုးဆက်သစ်လူငယ်မောင်မယ်များဖြင့် လက်ဆင့်ကမ်းထိန်းသိမ်းသွားရန်အတွက် မြန်မာနိုင်ငံ မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ချုပ်က အစီအစဉ်များ ချမှတ်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲတွင် Belkin Surge Protector များပြသခဲ့

ရန်ကုန် မေ ၂၂

သတ္တမအကြိမ် မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ-၂၀၁၁ ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသခဲ့ရာ Micro Computer Co.,Ltd. မှ ပါဝင်ပြသခဲ့သည်။ **(ယာပုံ)** အဆိုပါပြခန်းတွင် Belkin အမှတ်တံဆိပ် Surge Protector များ၊ Networking Accessories များ၊ laptop Accessories များနှင့် iphone, ipod, ipad တို့နှင့် ပတ်သက်သော Accessories များကို အထူးလျှော့ဈေးများဖြင့် ရောင်းချပေးခဲ့သည်။

Belkin ၏ Surge Protector များသည် မီးအားဆောင့်တက်ခြင်းနှင့် မိုးကြိုးပစ်ချခြင်းတို့ကို ကာကွယ်ပေးပြီး တစ်သက်တာ အာမခံပေးထားသည်။

၎င်း Surge Protector အား ပုံမှန်သုံးစွဲနေစဉ်အတွင်း ပလပ်ပေါက်ချောင်သွားခြင်း၊ ခလုတ်မမိတော့ခြင်းများ ဖြစ်ခဲ့ပါက အသစ်တစ်ခုဖြင့် ပြန်လည်လဲလှယ်ပေးမည့် အာမခံဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ကိုရီးယားရိုးရာယဉ်ကျေးမှု အက၊ ဂီတနှင့် တိုက်ကွမ်ဒိုသရုပ်ပြပွဲ တင်ဆက်ပြသမည်

ရန်ကုန် မေ ၂၂

မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့၏ နှစ်နိုင်ငံချစ်ကြည်ရေး၊ ယဉ်ကျေးမှုနှင့် အားကစား ပူးပေါင်းဖလှယ်ရေး အစီအစဉ်အဖြစ် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်က ဦးဆောင်စီစဉ်သော ကိုရီးယားတိုက်ကွမ်ဒိုအသင်း (Korea Taekowndo Association-KTA) ၏ TAL World Tour 2011 ဖျော်ဖြေမှု အစီအစဉ်ကို မေ ၂၉ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ တင်ဆက်ပြသမည် ဖြစ်ကြောင်း သိရသည်။

ဖျော်ဖြေတင်ဆက်မည့် KTA အဖွဲ့၏ TAL World Tour 2011 တွင် အဖွဲ့ဝင် ၅၀ ကျော်ပါဝင်ပြီး ယခုနှစ်အတွင်း ကမ္ဘာတစ်လွှားသို့ လှည့်လည်ဖျော်ဖြေနေသော နာမည်ကျော် ကိုရီးယားရိုးရာ တိုက်ကွမ်ဒိုအားကစားနည်း အခြေခံ ယဉ်ကျေးမှုအကအဖွဲ့ ဖြစ်သည်။ TAL World Tour 2011 ကို မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်၏ ဖိတ်ကြားမှုဖြင့် လာရောက်တင်ဆက်မည်ဖြစ်ပြီး ပါဝင်ကပြသူများသည် မျက်နှာဖုံးစွပ်များကို ဝတ်ဆင်ကြပြီး အကနှင့် ကိုယ်ခံပညာကို ပေါင်းစပ်ကာ တင်ဆက်မည်ဖြစ်သည်။ တိုက်ကွမ်ဒိုအားကစားကို စိတ်ပါဝင်စားသူများနှင့် ကိုရီးယားရိုးရာယဉ်ကျေးမှု အကအလှများကို စိတ်ပါဝင်စားသူများ ခံစားကြည့်ရှုနိုင်မည့် ဖျော်ဖြေပွဲဖြစ်ကြောင်း သိရသည်။

လာရောက်ဖျော်ဖြေသည့် အကအဖွဲ့နှင့် ပတ်သက်၍ "အခုဖျော်ဖြေမှုကို ၂၀၁၁ ခုနှစ်ထဲမှာ အရှေ့တောင်အာရှ၊ အရှေ့အလယ်ပိုင်း၊ ဥရောပ၊ အမေရိကန်ပြည်ထောင်စုနဲ့ လက်တင်အမေရိကစတဲ့ နိုင်ငံပေါင်းစုံကိုလှည့်လည်ပြီး ဖျော်ဖြေတင်ဆက်ဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကိုလာရောက်တာက ပထမဆုံးခရီးစဉ် ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဇော်ဝင်းက ပြောသည်။

တိုက်ကွမ်ဒို အားကစားနည်းမှာ ကိုရီးယား၏ ရိုးရာကိုယ်ခံပညာ စစ်စစ်ဖြစ်၍ ယနေ့ကာလတွင် ကမ္ဘာတစ်လွှား ပျံ့နှံ့တွင်ကျယ်လျက်ရှိသည့် အားကစားနည်း တစ်ရပ်လည်းဖြစ်ကြောင်း သိရသည်။

သတင်း - ရဲမင်းအောင်(ကြေးမုံ)

မုတ်သုံလေ မြစ်ဝကျွန်းပေါ်သို့ ဝင်ရောက်နိုင်

နေပြည်တော် မေ ၂၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** ဧရာဝတီတိုင်းဒေသကြီးတွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ် မှ ၈ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်(လေဆိပ်)တွင် သုည ဒသမ ၃၈ လက်မ၊ ပေါင်မြို့တွင် ၃ ဒသမ ၈၁ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၁၄ လက်မ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၆၈ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၁၇ လက်မနှင့် အမ်းမြို့တွင် ၂ ဒသမ ၀၅ လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်နိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပြည်သူ့ထံမှ ပေးစာများ

လှေကားမှဈေးဆိုင်များ ရှင်းလင်းစေလို

စာတည်းရှင့်-

ရန်ကုန်မြို့ အမှတ်(၉၁) မြန်မာ့ဂုဏ်ရည်လမ်း ကန်/တောင်ရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တိုက်ခန်း၏ လှေကားတွင် ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချနေသောကြောင့် တိုက်ခန်းနေသူများ အတက်အဆင်း အခက်အခဲ တွေ့နေရပါသဖြင့် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

တိုက်ခန်းနေသူများ

လမ်းပိတ်၍ဘောလုံးကန်မှု တားမြစ်ပေးစေလို

စာတည်းရှင့်-

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၄/၃)ရပ်ကွက် ချယ်ရီဥယျာဉ်မြို့တော်အဝင် လမ်းမကြီးတစ်လျှောက်တွင် လမ်းပိတ်၍ နေ့စဉ် အော်ဟစ်ဆူညံ ဘောလုံးကန်နေကြပါသည်။ လမ်းသွားလမ်းလာများ၊ မော်တော်ယာဉ်များ သွားလာမောင်းနှင်ရာ၌ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

စိတ်အနှောင့်အယှက်ဖြစ်ရသူများ

ပိုးသတ်ဆေးနံ့ ဆောင်ရွက်ပြီးစီး

၁၁-၄-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ သထုံမြို့နယ် ကျိုက်ကော်ဈေး မျက်နှာစာတန်းမှ **ပိုးသတ်ဆေးနံ့ပတ်ဝန်းကျင်ပျံ့နှံ့** ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း(မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

ကျေးရွာမီးလင်းရေး အထောက်အကူဖြစ်စေရန် ဆိုလာစွမ်းအင်သုံးပစ္စည်းများ အရစ်ကျငွေပေးချေမှုအစီအစဉ်ဖြင့် ရောင်းချပေးမည်

ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည့် ဆိုလာစွမ်းအင် ရှင်းလင်းပြသပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

ရန်ကုန်　　မေ　　၂၂

ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် OK Myanmar Co.,Ltd. ၏ SANYO ဆိုလာစွမ်းအင် ရှင်းလင်းပြသခြင်း အခမ်းအနားကို မေ ၁၈ ရက် နံနက်ပိုင်းတွင် ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြဦးက မိမိတို့ ဧရာဝတီတိုင်းဒေသကြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးရွာတိုင်းမီးလင်းရေးကို ဖြစ်နိုင်သည့် နည်းလမ်းပေါင်းစုံ လေ့လာ၍ အကောင်အထည်ဖော်ရန် ညွှန်ကြားထားကြောင်း၊ ဆိုလာစွမ်းအင်အသုံးပြုမှုနှင့် ပတ်သက်၍ မိမိတို့ ရပ်ကွက်၊ ကျေးရွာအခြေအနေနှင့် ကိုက်ညီမှု၊ လုပ်ဆောင်နိုင်မှု ရှိ၊ မရှိ ပြန်လည်သုံးသပ်၍ လုပ်ဆောင်နိုင်ပါက သက်ဆိုင်ရာ ကျေးရွာ၊ မိမိတို့မြို့နယ် အုပ်ချုပ်ရေးဦးစီးဌာနနှင့် ကုမ္ပဏီတို့ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် OK Myanmar Co., Ltd. ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ်က OK Myanmar Co.,Ltd. က တင်သွင်းဖြန့်ဖြူးနေသည့် SANYO ဆိုလာစွမ်းအင်၏ အရည်အသွေးနှင့် အာမခံချက်များ၊ ဝန်ဆောင်မှု အာမခံချက်နှင့် ကျေးရွာအရောက် တိုက်ရိုက်ဝန်ဆောင်မှုပေးရန် စီစဉ်ထားသည့် အခြေအနေများ၊ ကျေးရွာမီးလင်းရေးစီမံချက်များ အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်အတွက် အရစ်ကျငွေပေးချေမှု အစီအစဉ်ဖြင့် ရောင်းချပေးရန် စီစဉ်ဆောင်ရွက်ထားသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကုမ္ပဏီဆိုလာစွမ်းအင် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သက်မောင်က အိမ်သုံး၊ ကျေးရွာသုံး ဆိုလာ Package များ အသုံးပြုနိုင်မှုများနှင့် ကုမ္ပဏီအင်ဂျင်နီယာ အဖွဲ့များက ကျေးရွာအရောက် တပ်ဆင်ဝန်ဆောင်မှုပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယနေ့အခမ်းအနားတွင် ပန်းတနော်မြို့နယ်အတွင်းရှိ ငါးမွေးမြူရေး လုပ်ငန်းရှင်နှစ်ဦး၊ လယ်သမားကြီးသုံးဦးတို့က ၎င်းတို့ငါးကန်နှင့် လယ်ကွင်းများတွင် အလင်းရောင်ရရှိရေးနှင့် လုပ်သားများ အပန်းဖြေကြည့်ရှုနိုင်ရန် TV/DVD များပြသနိုင်သည့် ဆိုလာစနစ်တပ်ဆင်ပေးရန် ဝယ်ယူသွားကြပြီး ကျေးရွာအုပ်စုများကလည်း ဝယ်ယူတပ်ဆင်ရန် ကမ်းလှမ်းခဲ့ကြကြောင်း သိရသည်။

OK Myanmar Co.,Ltd. သည် တိုင်းဒေသကြီး၊ ပြည်နယ်များမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာမီးလင်းရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် ယခုကဲ့သို့ ဆိုလာစွမ်းအင်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသရန် ဖိတ်ခေါ်ပါက ကုမ္ပဏီ အစီအစဉ်ဖြင့် လာရောက်ရှင်းလင်းပြသမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ကုမ္ပဏီရုံးချုပ် အမှတ်(ဂျီ-၉) MGW Tower ဗိုလ်အောင်ကျော်လမ်း ဖုန်း-၀၁-၂၅၆၅၀၁-၀၆နှင့် ၀၁-၃၉၂၉၈၆-၃၉၂၉၉၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်နှင့် ဘုရားကုန်းဟောင်းများအား ပြန်လည်တူးဖော်ထိန်းသိမ်းရန် လှူဒါန်းနိုင်

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးကြပ်၍ ပုဂံဒေသရှိ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများအား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံလျက်ရှိပါသည်။

ဘုရားစေတီတစ်ဆူချင်းပြုပြင်ရန် ၁၂၃ ဆူကျန်ရှိပြီး တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းလှူဒါန်းမှုဖြင့်ဖြစ်စေ စေတနာရှင်များက လှူဒါန်းလျက်ရှိသည့်နည်းတူ နဝကမ္မအလှူငွေများကိုလည်း လက်ခံ၍ စုပေါင်းအလှူငွေဖြင့် ပြုပြင်ပေးလျက်ရှိပါသည်။

ပုဂံဒေသရှိ အချို့ဘုရားပုထိုးများမှာ ယိုယွင်းပြိုကျ မြေပျက်စီးခဲ့ရာ မြေကုန်းကြီးများသဖွယ် တည်ရှိနေသည့် အုတ်ကုန်းပေါင်း ၈၉၂ ကုန်းကိုလည်း ပြန်လည်တူးဖော်ပြီး ပုဂံဘုရားများပုံစံအတိုင်း ရှေးမူမပျက် ပြုပြင်တည်ထားလျက်ရှိပါသည်။

သို့ပါ၍ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများပြုပြင်ရန်အတွက်လည်းကောင်း၊ ဘုရားကုန်းဟောင်းများ တူးဖော်ပြုပြင်ထိန်းသိမ်းရန်အတွက်လည်းကောင်း ပါဝင်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

လှူဒါန်းနိုင်သည့်နေရာ ဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၁၄

၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်
နှင့် စာကြည့်တိုက်ဦးစီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇

၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်
နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊
၃၂ ဒီ၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇

၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်
နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ပုဂံမြို့
ဖုန်း-၀၆၁-၆၀၂၆၉

၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်
နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊
မန္တလေးမြို့
ဖုန်း-၀၂-၇၆၁၅၂

ဖခင်အမည်မှန်

အထက(၅)တာမွေ ဆဋ္ဌမတန်း (င)မှ မောင်ဆန်းအောင်၏ ဖခင်အမည်မှန်မှာ ဦးဇာနည်ကျော်မြင့် [၁၂/ဥကတ(နိုင်)၁၃၄၂၆၅] ဖြစ်ပါသည်။ **ဦးဇာနည်ကျော်မြင့်**

မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

၂၂-၅-၂၀၁၁ရက်တွင်ကျရောက်သော **ကိုအောင်ကျော်မိုး-မခင်မိုးအေး** [အစိုးရအဖွဲ့ရုံး(ရုံးအုပ်)]တို့၏ (၁၇)နှစ်မြောက်ကျရောက်သော မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်း (၁၀၀)တိုင်အောင် မိသားစုနှင့်အတူ ချစ်ခင်စွာ ပျော်ရွှင်နိုင်ပါစေလို့---

Mazda U ကိုလေးနှင့်သား
ဖြိုးစည်သူ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

မကွေး F.C ကို အနိုင်ယူပြီး ရက္ခပူရယူနိုက်တက် နိုင်ပွဲစရ

ရန်ကုန်　　မေ　　၂၂

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမ အကျော့ ပွဲစဉ်(၈) နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ ရက္ခပူရယူနိုက်တက်အသင်းနှင့် နေပြည်တော်အသင်းတို့ နိုင်ပွဲများရရှိသွားသည်။

(သုဝဏ္ဏကွင်း)

ရက္ခပူရယူနိုက်တက် - သုံးဂိုး
(စတန်လေ၊
ညွှန့်ဝင်းနှင့်ဝေလင်းအောင်)
မကွေး F.C - နှစ်ဂိုး
[မန်ဆာ(ပယ်နယ်တီ)နှင့် ချက်ဝူဇူ]

MNL အသင်းသစ် ရက္ခပူရယူနိုက်တက်အသင်းက ပွဲစဉ်ရှစ်ပွဲမြောက်တွင် မြန်မာနေရှင်နယ်လိဂ်၏ ပထမဦးဆုံး နိုင်ပွဲကို ရယူနိုင်ခဲ့သည်။ ယခင်ပွဲများတွင် နိုင်ပွဲမရသေးသော်လည်း ပြိုင်ဘက်အသင်းများကို အကြိတ်အနယ်ကစားလေ့ရှိသည့် ရက္ခပူရအသင်းမှာ အရှုံးမှ

Td ((jrelGJu\ yxTju7;x*y&m3u oSy-3 572E Tc 0.0.(kd &,acsy.46 j.2 &oi&Ym;&&SdoG7;x*y7.2;ESifh)T -0 Tm (toif©yl&,l1upm;)Tj -0.006-7.2;E Tc 0.0.25pf;r"mwu oi&YNyDf (S)1(

IELTS/TOEFL

Grammar နှင့် IELTS ... Mr.Bryan David ... IELTS ... System နှင့် Speed Reading ...

Clinical Communication English ...

လူပျောက်ကြော်ငြာ

မသိမ့်သိမ့်ထွန်းသည် နေအိမ်မှ ၂၁-၄-၂၀၁၁ ရက်တွင် ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ လက်ခံထားပါက ဥပဒေအရ အရေးယူမည်။

ဆက်သွယ်ရန်

မိခင်-ဒေါ်တင်တင်ရီ

ဖုန်း-၀၉၇၃၁၇၀၀၁၆

AA Medical Products Ltd. ...

၁။ (Branch Admin Manager)

၂။ Vehicle Manager

၃။ Chief Accountant (Ygn/Mdy)

... B.Com, CPA ...

Computer ... Computerized Accounting ... Software ...

Sales & Stock ... AR Control ...

B.Pharm ... M.B.B.S ...

Office Assistant

Powerpoint, Page Maker, Excel, Word ... (Myanmar Font ...)

Driver

... AA Medical Products Ltd. ...

အမည်ပြောင်း

အထက(၅)ရှမ်းတဲ အင္ဒမတန်းမှ အဘ ဦးစိန်အောင်၏သား မောင်လင်းထက်သန့်အား မောင်ကောင်းသီဟဇော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းသီဟဇော်

မြန်မာကိုင်ဒိုဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပရေး ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၂

၂၀၁၁ ခုနှစ် အင္ဒမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား (၃၇) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဒိုင်းနှင့် မြန်မာကိုင်ဒိုဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ မကွေးတိုင်းဒေသကြီး၌ ကျင်းပရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို မေ ၁၈ ရက် နံနက် ၉ နာရီတွင် မကွေးမြို့ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြင့်သိန်းက အဖွင့်အမှာ စကားပြောကြားပြီး မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ သုဓမ္မမဏိဇောတဓရ ဦးစိုးနိုင်၊ မြန်မာကိုင်ဒို ကုမ္ပဏီလီမိတက် မန်နေးဂျင်း ဒါရိုက်တာ ဦးဇော်ညွန့်ဦး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတိုးမောင်၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးရဲအောင်၊ မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်းများမှ ကိုယ်စားလှယ်များနှင့် ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဝင်များက ပြိုင်ပွဲနှင့် စပ်လျဉ်းသည်များကို ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါပြိုင်ပွဲကို မကွေးတိုင်းဒေသကြီး မိုးလုံလေလုံ အားကစားရုံ၌ မေ ၂၉ ရက်မှ ဇွန် ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားများမှာ ဝိုင်းဖွဲ့အမှတ်ခတ် (၁၀)ပေါက်တန်း အမျိုးသားတံခွန်စိုက်ပြိုင်ပွဲ၊ ဝိုင်းဖွဲ့အမှတ်ခတ် အမျိုးသမီး တံခွန်စိုက်ပြိုင်ပွဲ၊ ဝိုင်းဖွဲ့အမှတ်ခတ် (၄)ပေါက်တန်း လူသစ်တန်း အမျိုးသားပြိုင်ပွဲ၊ ဝိုင်းဖွဲ့အမှတ်ခတ် (၆)ပေါက်တန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အမျိုးသားပြိုင်ပွဲ၊ ဝိုင်းဖွဲ့အမှတ်ခတ် (၄) ပေါက်တန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အမျိုးသမီးပြိုင်ပွဲ၊ ဝိုင်းဖွဲ့အလှခတ် (အလွတ်တန်း) အမျိုးသားပြိုင်ပွဲနှင့် ဝိုင်းဖွဲ့အလှခတ်(အလွတ်တန်း) အမျိုးသမီးပြိုင်ပွဲတို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

q တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
q တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

q မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
q ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
q အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

P တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
P ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
P ဆူပူအကြမ်းဖက်မှုကို မလိုလား။
P ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

P VOA, BBC - ရန်တိုက်ပေးနေသည်။
P RFA, DVB - သွေးထိုးနေသည်။
P ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

အင်တာနက် မြေငလျင်သိပ္ပံသတင်း

မတ်လက လှုပ်ခဲ့သည့် ဂျပန်မြေငလျင်ကြောင့် ပင်လယ်ကြမ်းပြင် ၇၉ ပေခန့် ရွေ့လျားခဲ့ရ

ဘာသာပြန် - သတင်းလုလင်

တိုကျို မေ ၂၂

ဂျပန်နိုင်ငံ၌ မတ်လအတွင်းက လှုပ်ခဲ့သည့် အင်အားပြင်းထန်သော မြေငလျင်ကြောင့် ပင်လယ်ကြမ်းပြင်သည် တစ်ဖက်တစ်ချက်သို့ ၇၉ ပေခန့် ရွေ့သွားကြောင်း၊ သိပ္ပံပညာရှင်များ ကနဦး ဟောကိန်းထုတ်ခဲ့သည်ထက် ပင်လယ်သမုဒ္ဒရာ ကြမ်းပြင်၏ နေရာပြောင်းရွေ့မှုမှာ များစွာပိုမို ကြောင်း မေ ၂၁ ရက် သိပ္ပံဂျာနယ်တွင် ဖော်ပြသည်။

ဂျပန်နိုင်ငံ၌ မတ် ၁၁ ရက်က လှုပ်ခဲ့သော မဟာမြေငလျင်နှင့်ပတ်သက်၍ အကြောင်းတရားများနှင့် အကျိုးတရားများကို သုတေသီတို့က လေ့လာခဲ့ကြပြီး သိပ္ပံဂျာနယ်တွင် လေ့လာချက်သစ် သုံးရပ်ကို တင်ပြထားသည်။

ဂျပန်ကမ်းရိုးတန်းစောင့် တပ်ဖွဲ့သည် ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၄ ခုနှစ်အကြားကာလက အင်အားပြင်း မြေငလျင်ကိုဖြစ်ပေါ်စေသော ပြတ်ရွေ့ကြောင်းတစ်လျှောက်၌ ဘူမိလွှာလေ့လာရေး ကိရိယာငါးခုကို တပ်ဆင်ခဲ့ကြကြောင်း၊ ယင်း ကိရိယာငါးခုအနက် တစ်ခုမှာ ဂျပန်နိုင်ငံ၌ မတ် ၁၁ ရက်ကလှုပ်ခဲ့သော မြေငလျင်၏ ဗဟိုချက် အပေါ် ဘက်တွင်ရှိနေခဲ့ကြောင်း ဂျပန်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က **စာမျက်နှာ ၈ ကော်လံ ၁ သို့**m

ကချင်ပြည်နယ်မှ ထွက်ရှိသော သဘာဝသယံဇာတများ၊ ဆန်စပါး၊ ကောက်ပဲသီးနှံများ နိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုမြန်ဆန်စွာ သယ်ယူပို့ဆောင်နိုင်တော့မည်

ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ နန့်ခွင်ချောင်းတံတားဖွင့်ပွဲ ကျင်းပ

နေပြည်တော် မေ ၂၂

နန့်ခွင်ချောင်းတံတားသည် ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ် ရွှေဘို-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ် (၂၁၄/၂၁၅)၌ တည်ရှိပြီး တံတား အမျိုးအစားမှာ သံကူကွန်ကရစ် ရေတွင်းခွေအမျိုးအစားဖြစ်သည်။ တံတားအရှည်ပေ ၃၅၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွား လမ်းတစ်ဖက်လျှင် သုံးပေစီပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူး အဖွဲ့(၁၅)က တာဝန်ယူတည်ဆောက်ခဲ့သော အဆိုပါ နန့်ခွင်ချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို မေ ၂၁ ရက် နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ **စာမျက်နှာ ၈ ကော်လံ ၁ သို့**D

ဟိုပင်မြို့နယ် ရွှေဘို-မြစ်ကြီးနားလမ်း မိုင်တိုင် အမှတ်(၂၁၄/၂၁၅)၌ တည်ရှိသည့် နန့်ခွင်ချောင်း တံတားကို တွေ့ရစဉ်။(အပေါ်ပုံ) (သတင်းစဉ်)